# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၀၈၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၄) ကြိမ်မြောက် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေး




နေပြည်တော် ဒီဇင်ဘာ ၂၅

(၄) ကြိမ်မြောက် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးသည်။

### တက်ရောက်

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီချန်း တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် မဟာ ပဝရ ဓိပတိ ဟွန်မာနိုက်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်း ဆီဖန်ဒုံ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆရက်ထာ ထာဗီဆင်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်မင်ချင်း တို့ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ဦးစွာ ပူးတွဲဥက္ကဋ္ဌများက အဖွင့်အမှာစကားများ ပြောကြားကြပြီး မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များက မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် သုံးသပ်ကာ အနာဂတ် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၄) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်စဉ်။





ယနေ့ ဖတ် စ ရာ

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၄၉၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း စာ ၄

တရုတ်နိုင်ငံ၌ ပြုလုပ်သည့် လက်ဖက်ပြပွဲတွင် မြန်မာနိုင်ငံမှ လုပ်ငန်းထုတ်ကုန်လက်ဖက်ခြောက်က ရွှေတံဆိပ်ရရှိခဲ့ — ပြည်တွင်းသတင်း စာ ၅

(၇၆)နှစ်ရှိပြီဖြစ်သည့် လွတ်လပ်ရေးနေ့နှင့်အတူ မျှဝေအပ်ရာ အတွေးတစ်စ — ဆောင်းပါး စာ ၈

# “ မြန်မာနိုင်ငံသည် ပူးတွဲဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ တာဝန်သိအဖွဲ့ဝင်အနေဖြင့်လည်းကောင်း မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အစဉ်တန်ဖိုးထားပြီး မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ မူဝါဒများ၊ စိတ်ဓာတ်များနှင့်အညီ တက်ကြွစွာ ဆက်လက်ပါဝင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ကတိကဝတ်ပြုပြောကြား ”

❍ *ရှေ့ဖုံးမှ*

### ဘက်စုံဖွံ့ဖြိုးတိုးတက်သည့်အဆင့်သို့ရောက်ရှိ

အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် ၂၀၁၆ ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ခုနစ်နှစ်တာကာလအတွင်း အခြေခံအဆင့်ကို ကျော်ဖြတ်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ ၂၀၂၃ ခုနှစ်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်း တန်ဖိုးရှိသည့် အထူးရန်ပုံငွေစီမံကိန်း ၁၀၆ ခုရရှိထားပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အထောက်အကူပြုလျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မဲခေါင် – လန်ချန်း နိုင်ငံများအား အထောက်အပံ့နှင့် အကူအညီများ ဆက်လက်ပေးအပ်နေမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၄) ကြိမ်မြောက် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးစဉ်။

### အရှိန်အဟုန်မြှင့်ဆောင်ရွက်

ယနေ့အစည်းအဝေး၏ဆောင်ပုဒ်မှာ **“မဲခေါင်–လန်ချန်းနိုင်ငံများအကြား အားလုံးနှင့် သက်ဆိုင်သော အနာဂတ်နှင့် ခေတ်မီဖွံ့ဖြိုးမှု တည်ဆောက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”** ဖြစ်သည့်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီမှုရှိပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ခေတ်မီတိုးတက်လာစေရေးတို့အတွက် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အောက်တွင် အချင်းချင်းအပြန်အလှန် အကူအညီပေးသင့်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် မဲခေါင် – လန်ချန်း ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းများမှတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း၊ “မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဆန်းသစ်တီထွင်မှုစကြံ ” ဖော်ဆောင်မှုနှင့် “အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစည်းဆက်နွယ်မှု တိုးမြှင့်ရေးဆိုင်ရာ စီမံချက်” ရေးဆွဲမှုများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေပြုစွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်သွားသင့်ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာ ဆောင်ရွက်သွားသင့်ကြောင်းပြသသည့် သင်ခန်းစာတစ်ရပ် ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြည်သူ့ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့်ကျွမ်းကျင်မှုများ မျှဝေခြင်းနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်သွားသင့်ပါကြောင်း၊ နေပြည်တော်တွင် **“အမျိုးသားကူးစက်ရောဂါကာကွယ်ရေးနှင့် လေ့ကျင့်ရေးစင်တာ”** တည်ဆောက်ရန်အတွက် အကူအညီများ ပေးအပ်ခဲ့သည့် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါစင်တာသည် ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် ပြီးစီးမည်ဖြစ်ပါကြောင်း။

### အရေးပါမှုကိုလည်း အသိအမှတ်ပြု

**“မဲခေါင် – လန်ချန်း ခရီးသွားလာရေး မြို့တော်များ တည်ထောင်ခြင်း”၊ “မဲခေါင် – လန်ချန်း လေကြောင်းခရီးသွားလာမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် မိတ်ဖက်ထူထောင်ခြင်း”** လုပ်ငန်းစဉ်များကို ကြိုဆိုပါကြောင်း၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ အကြမ်းဖက်မှုများ၊ ဆိုက်ဘာရာဇဝတ်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ စသည့် ရာဇဝတ်မှုများသည် ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ **“မဲခေါင် – လန်ချန်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန”** က ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်း ပူးပေါင်းညှိနှိုင်းရေးအခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုပါကြောင်း။

### အတူတကွလက်တွဲဆောင်ရွက်

ပတ်ဝန်းကျင်ထိခိုက်မှုသည် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်မှုရှိပြီး ဂေဟစနစ်ကို ယိုယွင်းပျက်စီးစေပါကြောင်း၊ သို့ဖြစ်၍ အေးချမ်းသာယာပြီး ကြံ့ကြံ့ခံနိုင်သည့် လူမှုအသိုက်အဝန်း တည်ဆောက်နိုင်ရေးအတွက် ရာသီဥတု ဖောက်ပြန်မှုများကို လျှော့ချရန် အတူတကွ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်ကို အလေးထား ပြောကြားလိုပါကြောင်း။

### ကတိကဝတ်ပြုပြောကြား

မြန်မာနိုင်ငံသည် ပူးတွဲဥက္ကဋ္ဌအနေဖြင့် လည်းကောင်း၊ တာဝန်သိအဖွဲ့ဝင်အနေဖြင့် လည်းကောင်း မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အစဉ်တန်ဖိုးထားပြီး မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ မူဝါဒများ၊ စိတ်ဓာတ်များနှင့်အညီ တက်ကြွစွာ ဆက်လက်ပါဝင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ကတိကဝတ်ပြု ပြောကြားပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် အနာဂတ်လုပ်ငန်း အစီအစဉ်များအတွက် မူဝါဒလမ်းညွှန် တစ်ရပ်အဖြစ် **“နေပြည်တော်ကြေညာစာတမ်း”** နှင့် အဖွဲ့ဝင်နိုင်ငံများအကြား

*စာမျက်နှာ ၄ သို့*

❖ “မဲခေါင် - လန်ချန်း ခရီးသွားလာရေးမြို့တော်များ တည်ထောင်ခြင်း”၊ “မဲခေါင် - လန်ချန်း လေကြောင်း ခရီးသွားလာမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် မိတ်ဖက်ထူထောင်ခြင်း” လုပ်ငန်းစဉ်များကိုကြိုဆို

❖ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ အကြမ်းဖက်မှုများ၊ ဆိုက်ဘာရာဇဝတ်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ စသည့် ရာဇဝတ်မှုများသည် ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်လို

❖ “မဲခေါင် - လန်ချန်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန” က ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်းပူးပေါင်းညှိနှိုင်းရေး အခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြု

*စာမျက်နှာ ၃ မှ*

အိမ်နီးချင်းကောင်း ပီသမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ **"မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း အစီအစဉ် (၂၀၂၃-၂၀၂၇)"** နှင့် **"မဲခေါင် - လန်ချန်း တီထွင်ဆန်းသစ်မှုစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေး ပူးတွဲအစီအစဉ်"** တို့ကို အတည်ပြု ထုတ်ပြန်ခဲ့သည်။

### ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျပူးတွဲဥက္ကဋ္ဌ တာဝန်ကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည်။

### အောင်မြင်စွာပူးတွဲထမ်းဆောင်

(၄) ကြိမ်မြောက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရန်နှင့် ဒေသတွင်းနိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေး ကြိုးပမ်းမှုများကို အထောက်အကူပြုရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ အလှည့်ကျ ပူးတွဲဥက္ကဋ္ဌတာဝန်ကို အမြဲတမ်းပူးတွဲဥက္ကဋ္ဌ ဖြစ်သည့် တရုတ်နိုင်ငံနှင့်အတူ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ အောင်မြင်စွာ ပူးတွဲထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အလှည့်ကျပူးတွဲဥက္ကဋ္ဌ တာဝန်ကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၄၉၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေ ၄၉၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှစ်ဆုရရှိခဲ့သည့် စာရေးဆရာမကြီး ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)အား ထပ်ဆင့်ဂုဏ်ပြု

**ပဲခူး ဒီဇင်ဘာ ၂၅**

၂၀၂၂ ခုနှစ် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှစ်ဆုရရှိခဲ့သည့် စာရေးဆရာမကြီး ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) အား ပဲခူးတိုင်းဒေသကြီး (အရှေ့) မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ ပဲခူးတိုင်းဒေသကြီး မြန်မာအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းနှင့် ပဲခူးမြို့နယ် စာရေးဆရာအသင်းတို့မှ ထပ်ဆင့်ဂုဏ်ပြုခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ပဲခူးမြို့ ချမ်းမြေ့ဇေယျာသာမဏာကျော် တက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး (အရှေ့) မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး စာရေးဆရာမ ဒေါ်နွယ်နီဝင်း (မေတ္တာမိုးနှင်း-ပဲခူး) က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**



ထို့နောက် ၂၀၂၂ ခုနှစ် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှစ်ဆုရရှိခဲ့သည့် စာရေးဆရာမကြီး ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)အား ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးကျော်မင်းနိုင်၊ ပဲခူးတိုင်းဒေသကြီး မြန်မာအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဒုက္ကဋ္ဌ ဒေါ်စိန်စိန်လှိုင်နှင့် အတွင်းရေးမှူး ဒေါ်ဝါဝါမြင့်၊ ပဲခူးမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဦးထိန်လင်း (လင်းအရုဏ်ဦး-ပဲခူး)၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နွယ်နီဝင်းတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြပြီး စာရေးဆရာမကြီး ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာရေးဆရာမ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) သည် ၂၀၂၂ ခုနှစ်အတွက် "မြန်မာ့မေတ္တာစွမ်းကမ္ဘာသို့ လွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ" စာအုပ်ဖြင့် အမျိုးသားစာပေဆု၊ "ဝတ်မှုန်ကူးချိန်" ဝတ္ထုရှည်ဖြင့် စာပေဗိမာန်စာမူဆု ဆုနှစ်ဆုတို့ကိုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သက်ထက်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**မိုး/ဇလ**

**မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်ပြီး အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာ ရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသောအချိန်ကာလဖြစ်သည်။**

[ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၁၀-၁-၂၀၂၃ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်]



မြန်မာ့ယဉ်ကျေးမှုအကအလှ ဓာတ်ပုံ - ဦးအောင်မြတ်မင်း

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်အခြေပြု ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများအားတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio-A တွင် ရန်ကုန်အခြေပြု ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများအား တွေ့ဆုံသည်။ (ယာပုံ)





**ရှင်းလင်းပြသ**

ဦးစွာ တက်ရောက်လာကြသည့် ဝန်ထမ်းများအား တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှု အန္တရာယ်" ခေါင်းစဉ်ဖြင့် သတင်းတု/သတင်းမှားများ အကြောင်းအရာကိုလည်းကောင်း၊ "နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း Video Clip များဖြင့် ရှင်းလင်းပြသသည်။

**ကျရာကဏ္ဍမှပါဝင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ယခင်အစိုးရအဖွဲ့၏ မဲလိမ်မဲခိုးဖြစ်စဉ်များကြောင့် နိုင်ငံတော် တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာဘဲ ရယူထိန်းသိမ်း ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အဂ္ဂမဟာဗျူဟာဖြစ်သော အမျိုးသားရေး မျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးကိုလည်းကောင်း၊ နိုင်ငံရေး မျှော်မှန်းချက်နှစ်ရပ်ဖြစ်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ကိုလည်းကောင်း မူဝါဒသတ်မှတ်ပြီး မဟာဗျူဟာဖြစ်သော ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နည်းဗျူဟာဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်၍ အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့်လည်း မူလသတ်မှတ်လုပ်ငန်းတာဝန်များကို နုပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သော ပုံစံဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု၊ နိုင်ငံတော်အဆင့် အခမ်းအနားများကို ထည်ထည်ဝါဝါနှင့် ခမ်းခမ်းနားနားဖြစ်စေရန် ထဲထဲဝင်ဝင်ပါဝင်ပြီး ကြိုးစားဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်တာဝန်အရပ်ရပ်ကို ကျရာကဏ္ဍမှ ပါဝင်ပြီး အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ပါဝင်ဆင်နွှဲ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Studio-A မျက်နှာစာရှေ့ Lobby တွင် တွေ့ဆုံပွဲနှင့် ခရစ္စမတ်ပျော်ပွဲရွှင်ပွဲသို့ တက်ရောက်လာကြသည့် ဝန်ထမ်းများနှင့်အတူ ဆက်လက်တက်ရောက်၍ တေးဂီတဖျော်ဖြေတင်ဆက်မှု၊ ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးအပ်မှုနှင့် စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံမှုတို့ကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများနှင့်အတူ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့သည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

ထိုပြင် နေပြည်တော်/တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်း ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက် ညနေနှင့် ညပိုင်းတို့တွင် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းနှင့် တိုင်းရင်းသားရေဒီယိုတို့၌ တာဝန်ထမ်းဆောင်နေကြသည့် ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသား/တိုင်းရင်းသူများက ဦးဆောင်၍ ခရစ္စမတ်ဝတ်ပြုကိုးကွယ်ခြင်း၊ ခရစ်ယာန် ဓမ္မတေးများ စုပေါင်းသီဆိုခြင်းများ အပါအဝင် တေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပြီး လက်ဆောင်ပေးအပ်ခြင်းများနှင့် တိုင်းရင်းသားရိုးရာစားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပရာ ဘာသာပေါင်းစုံမှ ဝန်ထမ်းများနှင့် မိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**သတင်းစဉ်**



# တရုတ်နိုင်ငံ၌ ပြုလုပ်သည့် လက်ဖက်ပြပွဲတွင် မြန်မာနိုင်ငံမှ လုပ်ငန်းထုတ်ကုန်လက်ဖက်ခြောက်က ရွှေတံဆိပ်ရရှိခဲ့

**ရန်ကုန် ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံ၌ ပြုလုပ်သည့် လက်ဖက်ပြပွဲကြီးတွင် မြန်မာနိုင်ငံမှ လုပ်ငန်းထုတ်ကုန် လက်ဖက်ခြောက်က ရွှေတံဆိပ် ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ လက်ဖက်အသင်းမှ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံ Shenzhen မြို့၌ ဒီဇင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ပြုလုပ်နေပြီး နိုင်ငံတကာမှ ပြခန်းပေါင်း ၄၇၀၀ ကျော် ပါဝင်ပြသနေကာ ကမ္ဘာလုံးဆိုင်ရာလက်ဖက်ပြပွဲများတွင် အကြီးဆုံးပြပွဲများထဲမှ တစ်ပွဲ ဖြစ်သည့် Global Tea Fair Shenzhen (Autumn) 2023 ပွဲသို့ မြန်မာနိုင်ငံလက်ဖက်အသင်းမှ အသင်းဝင်ကုမ္ပဏီများက သွားရောက်ပြသသည်။

ပြသရာတွင် Bio-trade Project ၏ အကူအညီဖြင့် မြန်မာကိုယ်စားပြု ပြခန်းပေါင်း ခုနစ်ခန်းဖြင့် မြန်မာ့လက်ဖက်ယဉ်ကျေးမှုကို ဖော်ထုတ်ရန်ရည်ရွယ်၍ အသင်းဝင်လုပ်ငန်းများ၏ မြန်မာ့လက်ဖက် ပုံစံမျိုးစုံကို ခင်းကျင်းပြသခြင်းဖြစ်သည်။

"မြန်မာ့လက်ဖက်အသင်းဝင်တစ်ဦးဖြစ်တဲ့ TGT Tea Co., Ltd. မှ ဦးမောင်လွင်က Shenzhen ပွဲရဲ့ အစဉ်အလာတစ်ခုဖြစ်တဲ့ လက်ဖက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ပြီး ထိုဆုပေးပွဲမှ အထူးရွှေတံဆိပ်ဆုကို ရရှိခဲ့ပါတယ်" ဟု အဆိုပါအသင်းက ထုတ်ပြန်ထားသည်။

ယခုဆုမှာ TGT Tea ၏ Jade Leaf လက်ဖက်ခြောက်အနေဖြင့် သုံးကြိမ်မြောက် ရွှေတံဆိပ်ဆုရရှိခဲ့ခြင်းဖြစ်ကာ ယခုနှစ်တွင် ထူးခြားစွာဖြင့် အထူးရွှေတံဆိပ်ဆု ရရှိခဲ့ခြင်းဖြစ်ပြီး ကြယ်ငါးလုံးနှင့် ညီမျှသည့် ဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သစ်တော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ခရီးသွားလုပ်ငန်း အထောက်အကူပြု ခရီးစဉ်ဒေသများ လှည့်လည်ကြည့်ရှု၊ ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာ အစားအစာပြပွဲ(၂၀၂၃) တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ရှိ ခရီးသွားလုပ်ငန်း အထောက်အကူပြု ခရီးစဉ်ဒေသများကို လှည့်လည်ကြည့်ရှုကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှိ သစ်တစ်ပင်တောင် အပန်းဖြေစခန်းသို့ သွားရောက်ပြီး ဒေသ၏ အထင်ကရ ခရီးသွား ဆွဲဆောင်မှုနေရာတစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် နောင်တုံကန်ပတ်ဝန်းကျင်နှင့် ကျိုင်းတုံဟော်နန်း တည်ဆောက်နေမှုတို့ကို ကြည့်ရှုကြသည်။

**အလှူငွေများ လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိဘုရားကို သွားရောက် ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သက်တမ်းရင့်လက်ဖက် စိုက်ခင်းများတည်ရှိရာ ဝမ်ဆိုင်းကျေးရွာသို့ သွားရောက်၍ ခရီးသွားလုပ်ငန်းအထောက်အကူပြု ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဖော်ဆောင်နိုင်ရေး လှည့်လည်ကြည့်ရှုကြပြီး ဝမ်ဆိုင်းဒေသထွက် လက်ဖက်ခြောက်ကို ဒေသအမှတ်အသားအဖြစ် ဈေးကွက်အတွင်း ထိုးဖောက်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကတ်တောင်ကျေးရွာအုပ်စု၊ ဟိုယန်းကျေးရွာရှိ ကျိုင်းတုံရေတံခွန်သို့သွားရောက်၍ သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် ရေတံခွန်ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုပြီး သဘာဝပတ်ဝန်းကျင်နှင့် ရေဝေရေလဲဒေသ မထိခိုက်စေရေး မှာကြားကာ ဒေသခံတိုင်းရင်းသားရိုးရာ အကအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**ဖွင့်ပွဲတက်ရောက်**

ထို့ပြင် ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့၌ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရွှေတြိဂံဇုန်)တို့ ပူးပေါင်းကျင်းပသော ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာ အစားအစာပြပွဲ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာ အစားအစာ ပြသရောင်းချပွဲတော်ကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားကိုယ်စားလှယ် တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ခရီးစဉ်ဒေသတစ်ခုဖြစ်သော လွိုင်မွေဒေသ၌ ချယ်ရီပန်းပွဲတော်ကို ၂၀၂၂ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်း၊ ချယ်ရီပန်းပွဲတော်နှင့်အတူ တိုင်းရင်းသားရိုးရာအစားအစာ ပြသရောင်းချပွဲတော်ကို ပထမဆုံးအကြိမ် စတင်ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုပွဲတော်ကို ဒေသ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝကို မြတ်နိုး၍ ချယ်ရီပန်းများအား ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ အစားအစာများကို ဖော်ထုတ်မြှင့်တင်ပေးရန်နှင့် ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်စေခြင်းဖြင့် ခရီးသွားလုပ်ငန်းများ မြှင့်တင်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ချယ်ရီပန်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာ အစားအစာပြသရောင်းချပွဲ ကျင်းပရခြင်းရည်ရွယ်ချက်၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဝန်ဆောင်မှုများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး သင်တန်းများ ဖွင့်လှစ်ပေးမှုများ၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာအစားအစာပြပွဲတွင်ပါဝင်ပြသရောင်းချကြသည့် တိုင်းရင်းသား အဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းရင်းသားအဖွဲ့များကိုယ်စား အာခါတိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့်ဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းရင်းသားရိုးရာအစားအစာ ပြသရောင်းချနေသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗုဒ္ဓဥယျာဉ်သို့သွားရောက်၍ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုပြီး ကျိုင်းတုံမြို့ရှိ Keng Tung Resort Hotel ၌ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# စိုက်ပျိုးသည့် သီးနှံပုံစံအလိုက် ရေလိုအပ်ချက်ကို စနစ်တကျပေးသွင်းပြီး ရေချိုအရင်းအမြစ်များ အလေအလွင့်မရှိ အသုံးပြုနိုင်ရေး တောင်သူများအား မှာကြား



**နေပြည်တော် ဒီဇင်ဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့နယ် ဝမ်ပုံရွာအနီးရှိ ဝမ်ပုံမြေသားတမံ ပြုပြင်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေ မျှတစွာ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးသည့် သီးနှံပုံစံအလိုက် ရေလိုအပ်ချက်ကို စနစ်တကျပေးသွင်းပြီး ရေချိုအရင်းအမြစ်များ အလေအလွင့်မရှိ အသုံးပြုနိုင်ရေး၊ ဒေသ၏ လယ်ယာ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် သက်ဆိုင်ရာဌာနများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

**တောင်သူလိုအပ်ချက်များပံ့ပိုး**

ထို့နောက် ဒုတိယဝန်ကြီးသည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မိုင်းဟိကျေးရွာအနီး နမ့်မယ်ခွန်ချောင်းပေါ်တွင် နမ့်မယ်ခွန်ရေလွှဲဆည် တည်ဆောက်မည့် လျာထားနေရာကို ကြည့်ရှုစစ်ဆေးစဉ် မြေပြင်အနေအထားနှင့် ကိုက်ညီသည့် ဒီဇိုင်းပုံစံများ ရေးဆွဲဆောင်ရွက်ကြရန်၊ အရည်အသွေးပြည့်မီစွာ တည်ဆောက်နိုင်ရေးနှင့် တည်ဆောက်ပြီးစီးပါက လျာထားစိုက်ပျိုးဧကများအတိုင်း ရေအပြည့်အဝပေးဝေနိုင်ရေး ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ရေအနည်းလို သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာအပါအဝင် တောင်သူလိုအပ်ချက်များ ကူညီပံ့ပိုးပေးနိုင်ရေး ဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးမှာကြား**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် တာချီလိတ်မြို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူးရုံး၌ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို မိမိတို့ ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍဆိုင်ရာမူဝါဒများနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ ချမှတ်ထားသည့် ညွှန်ကြားချက်များအပေါ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဧကချင်း၏ သီးနှံအထွက်နှုန်း တိုးတက်ရေး၊ တောင်သူများ လိုအပ်သည့် မျိုးကောင်းမျိုးသန့်နှင့် စိုက်နည်းစနစ်များ ဖြန့်ဝေပေးနိုင်ရေး၊ မွေးမြူရေးလုပ်ငန်းတွင် လွှတ်ကျောင်းစနစ်မှ တိရစ္ဆာန်အစာကျွေး၍ လှောင်မွေးသည့်စနစ် ဖွံ့ဖြိုးလာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မေတ္တာအရင်းခံကြသူများ ပရဟိတအဖွဲ့က အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**ညောင်ဦး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေးအဆင်ပြေစေရန် ရည်ရွယ်၍ ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရအား အမှူးပြု၍ မေတ္တာအရင်းခံကြသူများ ပရဟိတအဖွဲ့က ယမန်နေ့က ပုဂံမြို့ဟောင်းရှိ စိမ်းညက်ညီအစ်မဘုရားကြီးရင်ပြင်၌ ဝင်ငွေနည်း အိမ်ထောင်စု ၁၀၀ အား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ပရဟိတအသင်းသား၊ အသင်းသူများက ညောင်ဦးမြို့နှင့် ပုဂံမြို့ပေါ်ရှိ ရပ်ကွက်များနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဝင်ငွေနည်းအိမ်ထောင်စု ၁၀၀ အား အိမ်ထောင်စု တစ်စုလျှင် ဆန် နှစ်ပြည် ၊ ဆီ ၅၀ ကျပ်သား ၊ ကြက်ဥ ၁၀ လုံး၊ ကုလားပဲ ၊ ကြာဆံထုပ် ၊ ငါးသေတ္တာဘူးများ အစရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို စနစ်တကျ ထောက်ပံ့လှူဒါန်းသည်။

ထို့အပြင် မေတ္တာအရင်းခံကြသူများအဖွဲ့က ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တ သာဂရဦးဆောင်သော ပရဟိတအဖွဲ့သားများနှင့်အတူ ပုဂံမြို့ဟောင်းရှိ မနူဟာဘုရားကြီးရင်ပြင်တော်၌ လူဦးရေ ၂၀၀၀ အား ထမင်း၊ ဟင်းများဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ညောင်ဦး - ဗျတ္တပန်းဆက်လမ်းဘေး (ဝဲ၊ ယာ)ရှိ သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် အလှူငွေကျပ် ၄၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၄၀ ကို ပေးအပ်လှူဒါန်းသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ခိုလမ်မြို့ရှိ ခရစ်ယာန်အသင်းတော်များ၌ ခရစ္စမတ်ပွဲတော်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅** ခရစ်ယာန် ဘာသာဝင်တို့၏ အထွတ်အမြတ်ပွဲတော်ဖြစ်သည့် ခရစ္စမတ်ပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ ခရစ်ယာန် အသင်းတော်များ၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရစ်ယာန် အသင်းတော်မှ သင်းအုပ်၊ ဓမ္မဆရာများ၊ ခရစ်ယာန်ဘာသာဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ခရစ္စမတ်ပွဲတော်ကို ခရစ်ယာန် ဘာသာဝင်လူငယ်များက ဓမ္မသီချင်းဖြင့် သီဆိုချီးမွမ်းဖွင့်လှစ်ကြသည်။ ထို့နောက် လူမျိုးပေါင်းစုံ ခရစ်ယာန်အသင်းတော်၏ သိက္ခာတော်ရ ဆရာတော် ဦးကျော်အောင်နှင့် ကက်သလစ် ခရစ်ယာန်ဂေါပကအဖွဲ့ဝင် ဦးဒေါမနစ်တို့က ခရစ္စမတ်သဝဏ်လွှာအား ဖတ်ကြားကြသည်။ ယင်းနောက် တိုင်းမှူးက ခရစ္စမတ်နေ့အထိမ်းအမှတ် ဂုဏ်ပြုငွေများပေးအပ်ရာ ကျောင်းများရှိ သိက္ခာတော်ရ ဆရာတော်များက လက်ခံရယူကြသည်။ **(ယာပုံ)**

ဆက်လက်၍ လူမျိုးပေါင်းစုံ ခရစ်ယာန် အသင်းတော်များအဖွဲ့နှင့် ခရစ်ယာန် ဘာသာဝင် စစ်သည်၊ မိသားစုဝင်များက ဓမ္မသီချင်းများ၊ ခရစ္စမတ် ဆုတောင်းသီချင်းများဖြင့် သီဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






## ဟိုပုံးမြို့နယ်၌ ခရစ္စမတ်နေ့ ပျော်ပွဲရွှင်ပွဲများကျင်းပ

**ဟိုပုံး ဒီဇင်ဘာ ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြို့ဦးရပ်ကွက်ရှိ နှစ်ခြင်းအသင်းတော် မိသားစုတို့၏ ခရစ်ယာန်ကျောင်းဝင်း၌ ခရစ္စမတ်နေ့ ဝတ်ပြုဆုတောင်းခြင်း၊ မိတ်ဆုံစားခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ ဝတ်ပြုဆုတောင်းခြင်းများ ပြုရာတွင် ဟိုပုံးမြို့တပည့်တော်မိသားစုမှ သင်းအုပ် ဆရာက ဦးဆောင်၍ ဟိုပုံးမြို့ရှိ အသင်းတော်မိသားစုများနှင့်အတူ ပဏာမကျမ်းစာဖတ်ကြားခြင်း၊ လူငယ်ဂုဏ်ပြုတေးသီချင်းများ သီဆိုကြခြင်း၊ တရားဒေသနာတော်ဖတ်ကြားခြင်း၊ ဓမ္မဒေသနာတော်များဖတ်ကြားခြင်း၊ မေတ္တာပို့ဆုတောင်းခြင်း၊ ဓမ္မတေးသီချင်းများ စုပေါင်းသီဆိုကြခြင်း၊ ခရစ်ယာန်တော်အား ကျေးဇူးတော်ချီးမွမ်းကြခြင်းနှင့် ကောင်းချီးမင်္ဂလာပေးဆုတောင်းခြင်းများနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့်ဇနီး၊ ခရစ်ယာန်ဘာသာဝင် အရာရှိ၊ စစ်သည်၊ ရဲမေ၊ မိသားစုဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(မြန်/ဆက်)**

## မက်မန်းမြို့၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပ

**မက်မန်း ဒီဇင်ဘာ ၂၅**
မက်မန်းမြို့ ကွန်ဟောင်းကျေးရွာ၌ ခရစ္စမတ်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက်က ကျင်းပခဲ့သည်။

မက်မန်းမြို့နယ် အတွင်းရှိ ဌာနေ တိုင်းရင်းသားများအနေဖြင့် ဒေသခံပြည်သူများနှင့်အတူ ခရစ္စမတ်နေ့ကို အေးချမ်းပျော်ရွှင်စွာဖြင့် ဆုတောင်းဝတ်ပြုခြင်းများ ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်အတွင်းရှိ နေအိမ်များအား ကောင်းချီးမင်္ဂလာ ဆုတောင်းသီချင်းများ လိုက်လံသီဆိုခြင်း၊ မိတ်ဆွေ သင်္ဂဟများအား ထမင်းဟင်းများ ဧည့်ခံကျွေးမွေးခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **စောဥမ္မာ(မြန်/ဆက်)**



## ပေါင်းတည်၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ဝတ်ပြုဆုတောင်းပွဲကျင်းပ

**ပေါင်းတည် ဒီဇင်ဘာ ၂၅**
ပေါင်းတည်မြို့နယ်၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်း၊ မိတ်ဆုံစားခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက်က နှစ်ခြင်းအသင်းတော်မိသားစုတို့၏ ခရစ်ယာန်ကျောင်းဝင်းအတွင်း အောက်မေ့ဘွယ်ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ပေါင်းတည် တပည့်တော်စုမှ သင်းအုပ်ဆရာဦးဆောင်သည့် မြို့နယ်အတွင်းရှိ အသင်းတော်မိသားစုများနှင့်အတူ ပဏာမကျမ်းစာဖတ်ကြားခြင်း၊ ဂုဏ်ပြုတေး သီဆိုကြခြင်း၊ တရားဒေသနာတော်ဖတ်ကြားခြင်း၊ ဓမ္မဒေသနာတော်များဖတ်ကြားခြင်း၊ မေတ္တာပို့ဆုတောင်းကြခြင်း၊ ဓမ္မတေးသီချင်းများ စုပေါင်းသီဆိုကြခြင်း၊ ခရစ်တော်အား ကျေးဇူးတော်ချီးမွမ်းကြခြင်းနှင့် ကောင်းချီးမင်္ဂလာပေး ဆုတောင်းခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် အသင်းတော်မိသားစုများ၊ ပါဝင်ကူညီကြသည့် မိတ်ဆွေများ၊ မိတ်ဆုံစားကြသည့် ဧည့်သည်တော်တို့အား အထူးကံစမ်းမဲနှိုက်အစီအစဉ်များ၊ ဓမ္မတေးသီဆိုယှဉ်ပြိုင်မှုများ၊ မုန့်စားပြိုင်ပွဲများဖြင့် ခရစ်တော်မွေးနေ့ကို ပျော်ရွှင်စွာဖြင့် ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သူရကြီး (ပေါင်းတည်)**

## ဒီဇင်ဘာ အားလပ်ရက်တွင် လွိုင်လင်တောင် တက်ရောက်သူများပြား


**လွိုင်လင် ဒီဇင်ဘာ ၂၅**
ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ရှိ လွိုင်လင်တောင်သို့ တက်ရောက်သူများဖြင့် စည်ကားများပြားလျက် ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ယနေ့သည် ဒီဇင်ဘာလ ၂၅ ရက်၊ ခရစ္စမတ်နေ့ဖြစ်ရာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်၍ ဌာနဆိုင်ရာများ ၊ ကျောင်းသား ကျောင်းသူများသည် အဖွဲ့လိုက်သော် လည်းကောင်း၊ အုပ်စုလိုက် သော်လည်းကောင်း လွိုင်လင်တောင်သို့ တက်ရောက်ကြပြီး တောင်ထိပ်ပေါ်ရှိ စေတီတော်နှစ်ဆူအား ဖူးမြော်ခြင်း၊ တိမ်ပင်လယ်ကြည့်ရှုခြင်း၊ အပန်းဖြေအနားယူခြင်း၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းများ၊ ကျန်းမာရေးအရ ခြေလျင်တောင်တက်ခြင်းများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါလွိုင်လင်တောင်သည် လွိုင်လင်မြို့နှင့် ၇ မိုင်ခန့် ကွာဝေးပြီး မော်တော်ကား၊ ဆိုင်ကယ်များဖြင့် တောင်ခြေအထိ သွားရောက်ပြီးနောက် တောင်ခြေမှ တောင်ထိပ်ပေါ်သို့ ခြေကျင်ဖြင့် မိနစ် ၃၀ ခန့် လမ်းလျှောက်တက်ရသည်။ လွိုင်လင်တောင်သည် အမြင့်ပေ ၆၂၆၂ ပေရှိကာ ဒေသတွင်း အမြင့်ဆုံးတောင်ဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး**





## ပြည်မြို့နယ်၌ သင်ရိုးသစ် (Grade-5) မြို့နယ်အဆင့် နောက်ဆက်တွဲသင်တန်းဖွင့်

**ပြည် ဒီဇင်ဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် သင်ရိုးသစ် (Grade–5) မြို့နယ်အဆင့် နောက်ဆက်တွဲသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ပြည်မြို့အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေက သင်တန်း ဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ပြီး သင်တန်းတွင် နည်းပြဆရာ ဆရာမ ၁၆ ဦးက (Grade –5) ဘာသာရပ်အားလုံးနှင့် ကာယ၊ ပန်းချီ၊ ဂီတ၊ စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းသို့ ပြည်မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၂၀၀ တက်ရောက်ကြောင်း သိရသည်။

**ကိုဆက် (မြန်/ဆက်)**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# (၇၆)နှစ်ရှိပြီဖြစ်သည့် လွတ်လပ်ရေးနေ့နှင့်အတူ မျှဝေအပ်ရာ အတွေးတစ်စ

မိုးကေနိုင်

မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရခဲ့သည်မှာ (၇၆) နှစ်ရှိပါပြီ။ သို့သော် နိုင်ငံကား မငြိမ်းချမ်းနိုင်သေး၊ ဖွံ့ဖြိုးမှုကား နောက်ကျဆဲ၊ တိုးတက်မှုကား တုံ့ဆိုင်းဆဲ၊ တွန်းအားများနှင့် ရွှေ့မည်ကြံတိုင်း ခရီးကား မရောက်၊ လှော်ရင်းနစ်နေသည်၊ မာယာများသည့်မြစ်ရေအယဉ်မှာ နစ်သထက်မနစ်အောင် လှေကိုကြိုးစားလှော်နေရသည်။

## ခေါင်းဆောင်ကောင်း၊ ပညာနှင့်အမြော်အမြင်၊ မျိုးချစ်စိတ်နှင့်ညီညွတ်မှု

သမိုင်းအစဉ်အဆက် မြန်မာတို့ ညီညွတ်ချိန်၊ လက်နက်အင်အား လူအင်အားစုစည်းညီညွတ်ချိန်တွင် နိုင်ငံသည် အဘက်ဘက်မှ အင်အားကောင်းခဲ့ပြီး နိုင်ငံသမိုင်း၊ လူမျိုးသမိုင်း၊ ယဉ်ကျေးမှုသမိုင်း ထည်ထည်ဝါဝါရှိခဲ့သည်ကို အားလုံးအသိ။ မညီမညွတ်၊ အင်အားမကောင်းသည့်အခါ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

ခေါင်းဆောင်မှုကောင်းခြင်း၊ တပ်မတော် အင်အားရှိခြင်း၊ မြန်မာတို့ စုစည်းညီညွတ်ခြင်းတို့ ပြည့်စုံချိန်တွင် လွတ်လပ်ရေးပြန်လည်ရခဲ့သည့် သာဓကမှာ အထင်အရှားရှိပြီး ဖြစ်သည်။ ခေါင်းဆောင်မှုက အားနည်း၊ အချင်းချင်း မညီညွတ်၊ အဆိုးရွားဆုံးအခြေအနေတွင် နိုင်ငံ၏အချုပ်အခြာနှင့် လွတ်လပ်ရေး အကြိမ်ကြိမ် ယိမ်းယိုင်ခဲ့ရသည်ကို ကြုံရသည်မှာ အခါခါ။ တိုင်းပြည်မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။ ကမ္ဘာ့အလယ်မှာ မြန်မာဆိုတာ ထည်ဝါရှင်သန်ဖို့က ခေါင်းဆောင်ကောင်းတို့ရှိသည့် အချိန်၊ ထိုခေါင်းဆောင်တို့၏ ပညာဉာဏ်အမြော်အမြင်ကြီးမှု၊ ထက်သန်သောမျိုးချစ်စိတ်နှင့် ထာဝရစည်းလုံးညီညွတ်မှုတို့ မျှတသဟဇာတဖြစ်နေမှသာ ရရှိနိုင်မည်ဆိုသည့် သင်ခန်းစာလည်း ရရှိပြီးဖြစ်သည်။

❖ ခေါင်းဆောင်မှုကောင်းခြင်း၊ တပ်မတော် အင်အားရှိခြင်း၊ မြန်မာတို့ စုစည်းညီညွတ်ခြင်းတို့ပြည့်စုံချိန်တွင် လွတ်လပ်ရေးပြန်လည်ရခဲ့သည့်သာဓကမှာ အထင်အရှားရှိပြီးဖြစ်သည်။ ခေါင်းဆောင်မှုက အားနည်း၊ အချင်းချင်း မညီညွတ်၊ အဆိုးရွားဆုံးအခြေအနေတွင် နိုင်ငံ၏အချုပ်အခြာနှင့် လွတ်လပ်ရေးအကြိမ်ကြိမ် ယိမ်းယိုင်ခဲ့ရသည်ကို ကြုံရသည်မှာ အခါခါ။ တိုင်းပြည်မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။ ကမ္ဘာ့အလယ်မှာ မြန်မာဆိုတာ ထည်ဝါရှင်သန်ဖို့က ခေါင်းဆောင်ကောင်းတို့ရှိသည့်အချိန်၊ ထိုခေါင်းဆောင်တို့၏ ပညာဉာဏ်အမြော်အမြင်ကြီးမှု၊ ထက်သန်သောမျိုးချစ်စိတ်နှင့် ထာဝရစည်းလုံးညီညွတ်မှုတို့ မျှတသဟဇာတဖြစ်နေမှသာ ရရှိနိုင်မည်ဆိုသည့် သင်ခန်းစာလည်းရရှိပြီးဖြစ်

## ယာလည်းညက်စေ ကြက်လည်းပန်းစေလိုသည့် လုပ်ရပ်သတိထား

ယခု (၇၆)နှစ်မြောက် အခါသမယလွတ်လပ်ရေးနေ့ထူးနေ့မြတ်နှင့်တိုက်တိုက်ဆိုင်ဆိုင် မင်္ဂလာယူဖွံ့ဖြိုးဖို့အားယူရမည့် အခြေအနေတွင် အားလုံးသိကြသည့်အတိုင်း နိုင်ငံ၏ အချုပ်အခြာကို တစ်စွန်းတစ်စမျှ ပဲ့ပါမသွားအောင် ကြိုးစားနေရသည်။ လွတ်လပ်ရေး ရပြီးကတည်းက တောက်လောင်နေခဲ့သည့် စစ်မီးကား ယခုကာလလေးမှာ အရှိန်အဟုန်နှင့် ထတောက်နေသည်။ ကိုယ့်နိုင်ငံအတွက် ဝမ်းနည်းစရာကောင်းလှသည်က နိုင်ငံကို အစိတ်စိတ်အမွှာမွှာပြိုကွဲသည်အထိ ဖွဲ့ယူနေကြသည့်မြင်ကွင်းများကို ဒိဋ္ဌမမ္မ တွေ့မြင်ရခြင်းပင်ဖြစ်သည်။

အိမ်ကြက်ချင်းခွပ်ခိုင်းထားပြီး ယာလည်းညက်စေ၊ ကြက်လည်းပန်းစေ အချုပ်အခြာအာဏာ ထိပါးစော်ကားခံနေရသည့်အခြေအနေဖြစ်သည်။ တပ်မတော်ကို စစ်မျက်နှာပေါင်းစုံဖွင့်၍ အခက်အခဲ အကျပ်အတည်းပေါင်းစုံဖြစ်အောင် ထိုးနှက်နေသည်။ ခေတ်အဆက်ဆက် ဘယ်လိုမှ ဦးနှိမ်၍ မရသော တပ်မတော်၏ ရေကုန်ရေခန်းအသက်ပေးကာကွယ်ရမည့် စိတ်ဓာတ်ကြောင့်သာ ခံသာတော့သည်။ ပြိုကွဲမည်ကို မလိုလားသော ပြည်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားနယ်မြေများရှိ ငြိမ်းချမ်းရေးဗိသုကာများကြောင့်သာ အနာဂတ်နိုင်ငံအလင်းရောင် မပျောက်ပြယ်ခြင်းဖြစ်သည်။ အဆုံးအရှုံးများကိုကြည့်၍ ကိုယ့်ပြည်တွင်းရော ပြည်ပမှပါ လက်တွေ့ကျသော သင်ခန်းစာများကို ပညာဉာဏ်ဖြင့် ရယူကြရမည့်အချိန်တန်ပါပြီ။

ယနေ့ခေတ်ပုစ္ဆာတွေက အသစ်ဖြစ်ပြီး မေးခွန်းများက ဆန်းပြားသည်။ သို့သော် အနာသိက ဆေးရှိသည်သာဖြစ်သည်။ အတ္တမာနကြီးလွန်းသည့် တချို့သော လက်နက်ကိုင်ခေါင်းဆောင်များ၏ အမြော်အမြင်နည်းပါးလွန်းမှုကြောင့် ညီညွတ်မှုပြိုကွဲနေရခြင်းကို ထင်ထင်ရှားရှားမြင်နေရပြီပဲ။ အစိုးရနှင့်ပြည်သူ၊ တပ်မတော်နှင့် ပြည်သူကို ရန်တိုက်ပေးနေသည့် နိုင်ငံရေးအတ္တသမားများက တိုင်းပြည် စုတ်ပြတ်သတ်အောင် လုပ်သလို ဖြစ်နေသည်ကို မျက်ခြည်မပြတ်ရန်လိုသည်။ ဒီလိုအခြေအနေမျိုးတွေ မြန်မာ့မြေပေါ်မှ ပျောက်ကွယ်အောင် ဘယ်လိုလုပ်ကြမလဲ။

## ရုန်းကန်ခဲ့ရခြင်းအတူတူ နမူနာပြနိုင်ငံများ

ယနေ့ (၇၆) နှစ်မြောက် မြန်မာတို့၏လွတ်လပ်ရေးနှင့်အတူ နိုင်ငံ၏ မပြီးဆုံးနိုင်သော အဆိုးအကျော့သံသရာကို ဆန်းစစ်မိသည်။ အချို့နိုင်ငံများနှင့် ချိန်ထိုးစဉ်းစားမိခြင်းဖြစ်သည်။ အနီးအနားက တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်၊ မနီးမဝေးက ဂျပန်၊ ကိုရီးယား၊ အဝေးက အာဖရိကနိုင်ငံများ၊ ရုရှား စသည့် နိုင်ငံများ။ ရုန်းကန်ခဲ့ရခြင်းအတူတူ အများအပြားသော နိုင်ငံများ ဘာကြောင့် မြန်မြန်ဆန်ဆန် တိုးတက်သွားကြရသလဲ။ မြန်မာနိုင်ငံကဲ့သို့ ရောင်စုံသူပုန်ထူပြောပြီး ပြည်တွင်းစစ်မရှိလို့လား၊ ကျင့်သုံးသည့် နိုင်ငံရေးစီးပွားရေးစနစ်တွေကြောင့်လား၊ ခေါင်းဆောင်က အာဏာရှင် မဟုတ်လို့လား၊ သယံဇာတအရင်းအမြစ်ကြောင့်လား စသည်ဖြင့်.. အနည်းနှင့်အများ တူညီတာတော့ရှိသည်။

ထိုင်းမှလွဲ၍ ကျန်နိုင်ငံအားလုံး ပြည်တွင်းစစ်၊ ပြည်ပစစ်၊ ကိုလိုနီနယ်ချဲ့တွန်းလှန်စစ် စသည် တစ်ခုမဟုတ် တစ်ခု ကြုံခဲ့ကြရသည်ပင်။ မြန်မာက အင်္ဂလိပ်ကိုလိုနီကျွန်ပြုခံဘဝ၊ တရုတ်က အင်္ဂလိပ်နှင့် ဂျပန်လက်အောက်ရောက်ဖူးခဲ့၊ ကိုရီးယားက ဂျပန်လက်အောက်ခံဖြစ်ခဲ့ပြီး ကိုရီးယားတောင်-မြောက်စစ်မှာ နိုင်ငံနှစ်ခြမ်းကွဲခဲ့ရ၊ ကမ္ဘောဒီးယားက ပြင်သစ်ကိုလိုနီ၊ ဗီယက်နမ်က ပြင်သစ်ကိုလိုနီနှင့် အမေရိကန်လက်အောက်မှာ တောင်နှင့် မြောက် ဗီယက်နမ် စစ်ဒဏ်ခံခဲ့ရ၊ အာဖရိကနိုင်ငံအားလုံးကတော့ ဥရောပကိုလိုနီမဖြစ်ဖူးခဲ့သည့်နိုင်ငံဟူ၍ မရှိခဲ့ပါ။ ရုရှားကတော့ ဒုတိယကမ္ဘာစစ်မှာ နာဇီဂျာမနီတို့၏ ကျူးကျော်တိုက်ခိုက်မှုခံခဲ့ရပြီး စစ်အေးကာလမှာ ဆိုဗီယက်ပြည်ထောင်စုကြီး အစိတ်စိတ်အမွှာမွှာပြိုကွဲခဲ့ရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တင်ပြပါနမူနာပုံစံအားလုံးက သူ့အကြောင်းတရားနှင့်သူ၊ သူ့အတွေ့အကြုံနှင့်သူ ရုန်းကန်ကြိုးစား ထူထောင်ခဲ့ရသည့် နိုင်ငံများဖြစ်ကြသည်။ ယခုမျက်မှောက်မှာတော့ မြန်မာနှင့် အာဖရိကနိုင်ငံအများစုမှလွဲ၍ ကျန်နမူနာ နိုင်ငံအားလုံးက တိုးတက်ဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။

## ကိုယ်ပိုင်အမျိုးသားရေးစရိုက်နှင့်ညီညွတ်မှုကို မျှတအောင် ထိန်းညှိနိုင်လျှင်

အတိတ်အကြောင်းအရာများ ခပ်ဆင်ဆင်ဖြစ်သော်လည်း တိုးတက်မှု၊ မတိုးတက်မှု၊ ချမ်းသာမှု၊ ဆင်းရဲမှု ဘယ်နေရာတွေမှာ ဘာတွေကွာခြားသွားခဲ့ကြပါသလဲ..။ အကြောင်းတရားကိုယ်စီရှိခဲ့ကြမည်ဖြစ်သော်လည်း အဓိကအရင်းခံအကြောင်းတရားကတော့ တစ်ခုတည်းသာရှိ လိမ့်မည်ဟု ဆိုချင်သည်။ လွတ်လပ်ရေးရပြီးစ ပါလီမန်ခေတ်၊ ဆိုရှယ်လစ်ခေတ်မှစပြီး ဒီဘက်ဒီမိုကရေစီခေတ်အထိ ကိုလိုနီနယ်ချဲ့စနစ်၏ဆိုးမွေကြောင့်ဟု တွင်တွင်သမုတ်ခဲ့ကြသည်မှာလည်း အားလုံးအသိ။ ထိုအထဲတွင် ကျွန်တော်တို့လည်း ပါခဲ့သည်။ ကိုလိုနီနယ်ချဲ့ကြောင့် ဆိုသည်ကို အတိတ်မှာ ရေးရေးလေးထားခဲ့ပြီး ယနေ့ဘဝမှာ လက်တွေ့ကျသော မဖြစ်မနေလုပ်ကို လုပ်ရမည့်အလုပ်တစ်ခုကိုတော့ မျက်ခြည်မပြတ် စေချင်ပါ။

ထင်ထင်ရှားရှားပြနေသည့် အကြောင်းတရားတစ်ခုကို ဘယ်လိုရှာဖွေ၊ ဘယ်လိုလုပ်ကြမလဲဆိုသည်ကသာ အဓိကဖြစ်မည်ထင်ပါသည်။ ဆိုလိုချင်သည်မှာ "အမျိုးသားရေး စရိုက်လက္ခဏာအပြည့်ရှိသော ညီညွတ်ရေးမျိုး" ဖြစ်သည်။ ဘယ်လိုမှ မညီညွတ်နိုင်သော မြန်မာများအတွက် စည်းလုံးညီညွတ်မှု မရှိကြခြင်းကိုသာ အကြောင်းတရားတစ်ခုအဖြစ် မြင်မိသည်။

ဖော်ပြခဲ့သည့် နှိုင်းယှဉ်နိုင်ငံများ၏ တိုးတက်မှုအကြောင်းတရားသည်လည်း သူတို့တစ်မျိုးသားလုံး၏ ညီညွတ်မှုသည်သာ အဓိကဖြစ်မည်ဟု ဆိုချင်ပါသည်။ နိုင်ငံရေးစနစ်နှင့် ဆိုင်နေသလား၊ ဒီမိုကရေစီကြောင့်လား၊ ကွန်မြူနစ်ဆိုရှယ်လစ်ကြောင့်လား၊ တစ်ပါတီကြောင့်လား၊ ပါတီစုံကြောင့်လား၊ နှိုင်းယှဉ်နိုင်သည်။ ပြောရလျှင် ဆိုရှယ်လစ်ကွန်မြူနစ်ကျင့်သုံးသော၊ ပါတီစုံဆိုသော်လည်း တစ်ပါတီလွှမ်းမိုးသော နိုင်ငံများကတောင် ပိုပြီးဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရသည်။ မြင်တတ်လျှင် နိုင်ငံတစ်နိုင်ငံ၏ တပ်မတော်အင်အားရှိမှုနှင့်လည်း ဆိုင်သည်။ဆင်းရဲခြင်း၊ မဆင်းရဲခြင်းက နိုင်ငံရေးမှာ တပ်မတော်ပါဝင်ပတ်သက်မှုနှင့်လည်း ဆိုင်ချင်မှ ဆိုင်မည်။ ဘယ်လို အနေအထားမှာပဲဖြစ်ဖြစ် သေချာတာကတော့ သူတို့နိုင်ငံသားများ၏ ညီညွတ်မှုနှင့် ညီညွတ်အောင်လုပ်နိုင်စွမ်းသော ခေါင်းဆောင်တို့၏ အမြော်အမြင်ရှိမှုက အရေးပါသောအချက်ဖြစ်ပါမည်။


ဖော်ပြပါနမူနာပြနိုင်ငံများ၏ အတိတ်ကိုကြည့်လျှင် မညီညွတ်ကြခြင်းနှင့် မညီညွတ်ခြင်း၏ ခါးသီးသောအတွေ့အကြုံများ ကိုယ်စီရှိခဲ့ကြသည်ချည်းဖြစ်ပါသည်။ မညီညွတ်သည်ကို ညီညွတ်အောင် သူတို့ ဘယ်လိုလုပ်ခဲ့ကြသလဲ၊ ဘယ်လိုနည်းလမ်းတွေ ကျင့်သုံးခဲ့သလဲ၊ ဘယ်လိုကြိုးစားတည်ဆောက်ခဲ့ကြသလဲ၊ ကျွန်တော်တို့မှာ အမှားထဲမှ သင်ခန်းစာယူစရာတွေ များစွာရှိပါလိမ့်မည်။

မမေ့သင့်သော အချက်တစ်ခုကား ရှိနှင့်ပြီးဖြစ်ပါသည်။ သူတို့၏ ညီညွတ်မှုဆိုသည်ကို နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများဖြင့် ထိန်းညှိနိုင်ခြင်းပင်ဖြစ်သည်။ ထိုအချက်ကို ဒီမိုကရေစီကျင့်သုံးသော ထိုင်းနိုင်ငံဥပမာတွင် တွေ့နိုင်သည်။ သူတို့၏ အမျိုးသားရေးလက္ခဏာက ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ခြင်းနှင့် ဘုရင်စနစ်ကို ဦးထိပ်ထားခြင်းဖြစ်သည်။ သူတို့နိုင်ငံသားများက ထိုလက္ခဏာနှစ်ခုကို လုံးဝအထိမခံ၊ ထိုအချက်တွေ အောက်မှာ ခေါင်းဆောင်တို့၏ အမြော်အမြင်ရှိမှုပါ ပေါင်းစပ်လိုက်သည့်အခါ ရှေးအတိတ်ကာလမှာ အင်္ဂလိပ်နှင့် ပြင်သစ်တို့ကြား ကြားမညပ်ဘဲ ကျွန်ပြုခံရမည့်အရေးမှ လွတ်မြောက်ခဲ့ရသည့် နမူနာကောင်းရှိခဲ့ဖူးသည်။ သူတို့၏ အမျိုးသားရေးစရိုက်အခြေခံ ညီညွတ်မှု၊ အမြော်အမြင်ရှိမှုတို့ကြောင့် မကြာခဏ

စာမျက်နှာ ၉ သို့

✳ အိမ်ကြက်ချင်းခွပ်ခိုင်းထားပြီး ယာလည်း ညက်စေ၊ ကြက်လည်းပန်းစေ အချုပ်အခြာအာဏာ ထိပါးစော်ကားခံနေရသည့် အခြေအနေဖြစ်သည်။ တပ်မတော်ကို စစ်မျက်နှာပေါင်းစုံဖွင့်၍ အခက်အခဲအကျပ်အတည်းပေါင်းစုံဖြစ်အောင် ထိုးနှက်နေသည်။ ခေတ်အဆက်ဆက် ဘယ်လိုမှ ဦးနှိမ်၍မရသော တပ်မတော်၏ ရေကုန်ရေခန်း အသက်ပေးကာကွယ်ရမည့် စိတ်ဓာတ်ကြောင့်သာ ခံသာတော့သည်။ ပြိုကွဲမည်ကို မလိုလားသော ပြည်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားနယ်မြေများရှိ ငြိမ်းချမ်းရေးဗိသုကာများကြောင့်သာ အနာဂတ်နိုင်ငံအလင်းရောင် မပျောက်ပြယ်ခြင်းဖြစ်သည်။ အဆုံးအရှုံးများကိုကြည့်၍ ကိုယ့်ပြည်တွင်းရော ပြည်ပမှပါ လက်တွေ့ကျသော သင်ခန်းစာများကို ပညာဉာဏ်ဖြင့် ရယူကြရမည့်အချိန်တန်ပါပြီ

## ပခုက္ကူတက္ကသိုလ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ



ပခုက္ကူ ဒီဇင်ဘာ ၂၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ၏ အသိပညာ၊ အတတ်ပညာများ မြှင့်တင်ဖော်ဆောင်ပေးခြင်းဖြင့် ဗလငါးတန်ပြည့်စုံကြွယ်ဝသည့် အနာဂတ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က အဆိုပါတက္ကသိုလ် Theatre (M-306) ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ပခုက္ကူတက္ကသိုလ်ရှိ ဘာသာရပ်ဌာန အသီးသီးမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး စာစီစာကုံးပြိုင်ပွဲတွင် ၃၂ ဦး၊ ကဗျာပြိုင်ပွဲတွင် ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း ကျောင်းသားကျောင်းသူများအနေဖြင့် ပြည်ထောင်စုကြီး ထာဝရရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းလှုပ်ရှားဆောင်ရွက်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ပုဂ္ဂိုလ်ကြီးများအား အစဉ်အမြဲအောက်မေ့သတိရပြီး တန်ဖိုးထားလေးစားမြတ်နိုးတတ်စေရန်၊ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုတိုင်း၏ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို တန်ဖိုးထားထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်စေရန်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်များ ထာဝရစဉ်ရှင်သန်ထက်မြက်စေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ပေးခြင်း ဖြစ်ကြောင်း၊ ကျပန်းစကားပြော ပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲများအလိုက် ဆုရရှိသူများကို (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်က ပြောသည်။

**ဘာမီသာ(ပခုက္ကူ)**

## ကျိုင်းတုံတက္ကသိုလ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့(အကြို) ဟောပြောပွဲကျင်းပ

ကျိုင်းတုံ ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံတက္ကသိုလ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်(အကြို) ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကျင်းပသည်။

ဦးစွာ ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ စမ်းစမ်းမာက အမှာစကားပြောကြားပြီး ကျိုင်းတုံတက္ကသိုလ် မြန်မာစာဌာန၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ မိုးမိုးစောက နှလုံးသားထဲက လွတ်လပ်ရေးခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများ၊ လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လိုအပ်ကြောင်း စသည့် အကြောင်းအရာများကို တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့သည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## ကျောင်းသားအားကစားပွဲ

❊ စိတ်ဓာတ်စည်းကမ်း ပညာဆင့်
တို့ပြည် ဂုဏ်ကိုမြှင့်။
အားကစားဖြင့် နိုင်ငံဂုဏ်
ဖော်ကျူး အဖုံဖုံ၊
ဘက်စုံပညာထူးချွန်ရေး
ရှေးရှုဆင်ယင်ပေး။

❊ အမျိုးသားရေး တို့ဝန်တာ
ကျန်းမာကြံ့ခိုင်စေဖို့ပါ၊
ပညာရည် မြင့်မားရေး
အားကစားဖြင့် မြှင့်တင်ပေး။

❊ အနာဂတ်ရေး မျှော်တွေးကွယ်
မိဘဆရာ ပူးပေါင်းမယ်၊
ကျောင်းသားလူငယ် ပေါင်းစုအား
နွဲကြ အားကစား။
ပညာမြင့်မား အောင်ပွဲဆင်
ပွဲလယ်တင့်မည်ပင်၊
ပေါင်းစုတူယှဉ် ဆင်ယင်နွှဲ
ကျောင်းသားအားကစားပွဲ။ ။

**မောင်လေပြေ(တောင်တွင်း)**

*စာမျက်နှာ ၈ မှ*

အာဏာသိမ်း အကြိမ်ကြိမ်ဆူပူဆန္ဒပြမှုများရှိခဲ့သော်လည်း သူတို့နိုင်ငံသားတွေက သူတို့တိုင်းပြည်ကို ဘယ်တော့မှမဖျက်ဆီး၊ နိုင်ငံကလည်း ဘယ်တော့မှမပျက်စီး၊ တည်ငြိမ်ပြီး တိုးတက်နေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

### မတူညီမှုများထဲမှ တူညီရာများ

နောက်ထပ်ဥပမာက ကမ္ဘောဒီးယား။ ပြင်သစ်ကိုလိုနီဖြစ်ခဲ့ဖူးပြီး အမေရိကန်တို့၏အပြင်းအထန်ဗုံးကြဲမှုကို နှစ်များစွာ ခံခဲ့ရဖူးသည်။ ၁၉၇၅-၇၉ ခမာနီလူမျိုးတုံးသတ်ဖြတ်မှုက နာမည်ကြီးသည်။ ၁၉၉၇ ခုနှစ်မှ ယနေ့ထိတိုင် ကမ္ဘောဒီးယား ပြည်သူ့ပါတီမှ တစ်ပါတီတည်း ကြီးစိုးအုပ်ချုပ်ပြီး နိုင်ငံမှာ တိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ပုံဖော်ခြင်းခံနေရသည်မှာ နိုင်ငံရေးအရ တည်ငြိမ်မှုနှင့် ပြည်တွင်းငြိမ်းချမ်းမှုကြောင့်ဟုပင် ဆိုနိုင်ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးမှုမှာမူ ပို၍သိသာပါသည်။ ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် နိုင်ငံရေးတည်ငြိမ်မှုနှင့်အတူ ဈေးကွက်စီးပွားရေးစနစ်က အားကောင်းလှသည်။ ပြင်သစ်ကိုလိုနီနှင့် အမေရိကန်နယ်ချဲ့မှုအောက်မှာ တောင်နှင့်မြောက် ခက်ခက်ခဲခဲပူးပေါင်းခဲ့ရသည့် ပြင်းထန်ဆိုးရွားလွန်းသော လွတ်လပ်ရေးကြိုးပမ်းမှုများက ဗီယက်နမ်တိုင်းရင်းသားလူမျိုးစုများအား စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ ရရှိသွားစေသည်။ ကွန်မြူနစ်များဦးဆောင်မှုအောက်တွင် လယ်သမား၊ အလုပ်သမား၊ ဝန်ထမ်း၊ စီးပွားရေးလုပ်ငန်းရှင်၊ နိုင်ငံသားများ၏ ပညာဉာဏ်ပါသော ညီညွတ်မှုအင်အားက တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မရပ်တန့်နိုင်လောက်အောင်ပင်ဖြစ်သည်မှာ အားကျစရာဖြစ်သည်။

ထို့အတူ အိမ်နီးချင်းအင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၊ သူတို့၏ အတိတ်သမိုင်းမှာ ခမ်းနားကြီးကျယ်ခဲ့သလောက် နယ်ချဲ့များ လက်အောက်မှာ အရှက်ရစရာ၊ သိမ်ငယ်စရာအဖြစ်အပျက်များစွာရှိခဲ့ပြီး ကျူးကျော်သူဂျပန်ကို တိုက်ထုတ်ခဲ့ရသည့် ပြည်ပစစ်၊ ကူမင်တန်တို့နှင့်ဆင်နွှဲခဲ့ရသည့် ကာလရှည် ပြည်တွင်းစစ်ကြီးက သူတို့နိုင်ငံသားတွေကို ပို၍ညီညွတ်သွားစေသည်။

ထိုအချက်များကပင် တရုတ်မှုပိုင်အမျိုးသားရေးလက္ခဏာများက ပို၍ပီပြင်သွားသည်။ တရုတ်နိုင်ငံသားတို့၏ မျိုးချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်သည် ပါတီ၏ ဦးဆောင်မှုကြောင့်အပြင် သူတို့နိုင်ငံသားတွေကိုယ်တိုင်၏ သွေးထဲမှာကိုပင်ကိုစိမ့်ဝင်နေသည့် စိတ်ဓာတ်မျိုးဖြစ်သည်၊ အလွန်အားကျအတုယူစရာဖြစ်ပါသည်။ ရုရှားနိုင်ငံ၏ အမျိုးသားရေးစိတ်ဓာတ်ကိုရော သင်မည်သို့ ရှုမြင်မည်နည်း။ အားလုံးတွင် သိသာသော ကွဲပြားခြားနားမှုများ မရှိလှပါ။ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်နာဇီဂျာမနီအား အသက်ခန္ဓာ သန်းနှင့်ချီ ပေးဆပ်ပြီးမှ ရယူထားရသည့် လွတ်လပ်ရေး၊ အမေရိကန်နှင့်အပေါင်းပါတို့နှင့် ရင်ဆိုင်ခဲ့ရသည့် စစ်အေးတိုက်ပွဲ၊ အနောက်အုပ်စု၏ ဖြိုခွဲခံရပြီး အစိတ်စိတ် အမြွှာမြွှာပြိုကွဲအပြီး နိုင်ငံကို ကြီးပွားတိုးတက် အင်အားကြီးမားလာအောင် ကြိုးစားခဲ့ရသည့် ရုရှားခေါင်းဆောင်များနှင့် ရုရှားလူမျိုးတို့၏ ယူရေးရှားစိတ်ဓာတ်ကိုအခြေခံသည့် အမျိုးသားရေးလက္ခဏာရပ်ကိုလည်း ညီညွတ်မှုနှင့် တွဲ၍မြင်လို့ရပါသည်။

ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် ကျန်ရှိသည့် ရုရှားနယ်မြေများကို ထပ်မံပြိုကွဲရန်ကြိုးပမ်းလာသည့် ချေချင်းညာကို ရုရှားတပ်မတော်က အပြီးအပိုင်ချေမှုန်းတိုက်ခိုက်ခဲ့အပြီး ရုရှားနိုင်ငံတော်ကြီး၏ တည်ငြိမ်တိုးတက်မှုမှာ အထင်အရှားဖြစ်လာသည်ကို မြင်နိုင်ပါသည်။ အနာဂတ်တွင် ရုရှားနိုင်ငံ၏ အန္တရာယ်မှန်သမျှ၌ အတူလက်တွဲပါဝင်မည့် ချေချင်းတို့ကို ယနေ့တွေ့မြင်ရသည်မှာ ရုရှားနိုင်ငံ၏ နမူနာယူစရာ ညီညွတ်မှုစွမ်းအားကြောင့်ဟု ဆိုနိုင်ပါသည်။

အားလုံးသည် နမူနာယူစရာများဖြစ်သည်ကို တွေ့ရပါမည်။ ထိုနိုင်ငံများသည် လွတ်လပ်ရေးနှင့် အချုပ်အခြာကို ဘယ်လိုကာကွယ်စောင့်ရှောက်ထိန်းသိမ်းနေကြပါသလဲ၊ သေချာတာတစ်ခုကို သတိထားမိသည်။ ယနေ့ ပစ္စုပ္ပန်အခြေအနေကို ထင်ဟပ်သည့် အတိတ်အကြောင်းတရားများအပေါ် အလွန်အမင်း လက်ညှိုးထိုး အပြစ်မပုံချကြခြင်းပင်ဖြစ်သည်။ အတိတ်ကသင်ခန်းစာကို ယူရုံသာဖြစ်သည်။ ပစ္စုပ္ပန်မှာက မိမိချို့ယွင်းချက်များကို အမှန်မြင်ပြီး မိမိဘာသာ မှန်မှန်ကန်ကန် သုံးသပ်ပြင်ဆင်နိုင်ရန်ပင်ဖြစ်သည်။ ကိုယ်မတိုးတက်တာ၊ ကိုယ်ဆင်းရဲတာအားလုံး ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိသည်ဟုသာ ခံယူသည်။ အထက်ပါတင်ပြခဲ့သည့်နိုင်ငံများနှင့် အာဖရိကနိုင်ငံအများစု ဘယ်နေရာမှာ ဘယ်လိုကွာခြားသွားကြပါသလဲ။ အာဖရိကနိုင်ငံများက သူတို့ဆင်းရဲတာ၊ မတိုးတက်တာ၊ ပြည်တွင်းစစ်နှင့် နပန်းလုံးနေရတာကို ကိုလိုနီနယ်ချဲ့တွေကြောင့်ဆိုပြီး ယခုထိလက်ညှိုးထိုးကောင်းတုန်း။ ထို့ကြောင့် ဒီနိုင်ငံတွေသည် အဆိုးသံသရာမှာကျန်ခဲ့သည်ဟု မြင်မိသည်။ ယနေ့အခြေအနေမှာ ထိုင်း ဘယ်လိုလုပ်နေသလဲ၊ အင်အားကြီး နိုင်ငံများအကြား တည်ငြိမ်စွာရပ်တည်နေသည့် ဗီယက်နမ်အခင်းအကျင်း၊ ဒုတိယကမ္ဘာစစ်မှာ အဏုမြူဗုံးဒဏ်ခံရပြီး စစ်ရှုံးပြာပုံဘဝရောက်ခဲ့ရသည့်ဂျပန် ယခုဘယ်လို အခြေအနေရောက်နေပြီလဲ၊ တိုင်းပြည်၏ ရန်ဆူးရန်ငြောင့်မှန်သမျှ အမြစ်ပြတ်ချေမှုန်းပြီးမှ တိုင်းရင်းသားများ၏ညီညွတ်မှုကိုရယူခဲ့သည့် ရုရှားနိုင်ငံသည်လည်း နမူနာယူစရာ၊ လစ်ဘရယ်ဆန်သော အမျိုးသားရေးဝါဒကျင့်သုံးသည့် တရုတ် စသည်ဖြင့်..မတူညီမှုတွေ အနည်းအများရှိနိုင်သော်လည်း အားလုံးမှာ တူညီမှုတစ်ခုသာရှိပါသည်။

> ◆ ယခု (၇၆)နှစ်မြောက် အခါသမယ လွတ်လပ်ရေး နေ့ထူးနေ့မြတ်နှင့်တိုက်တိုက်ဆိုင်ဆိုင် မင်္ဂလာယူဖွံ့ဖြိုးဖို့အားယူရမည့် အခြေအနေတွင် အားလုံးသိကြသည့်အတိုင်း နိုင်ငံ၏ အချုပ်အခြာကို တစ်စွန်းတစ်စမျှ ပဲ့ပါမသွားအောင် ကြိုးစားနေရသည်။ လွတ်လပ်ရေးရပြီးကတည်းက တောက်လောင်နေခဲ့သည့် စစ်မီးကား ယခုကာလလေးမှာ အရှိန်အဟုန်နှင့် ထတောက်နေသည်။ ကိုယ့်နိုင်ငံအတွက် ဝမ်းနည်းစရာကောင်းလှသည်က နိုင်ငံကို အစိတ်စိတ်အမွှာမွှာပြိုကွဲသည်အထိ ဖဲ့ယူနေကြသည့် မြင်ကွင်းများကို ဒိဋ္ဌမမှ တွေ့မြင်ရခြင်းပင်ဖြစ်

ထိုအချက်ကား နိုင်ငံသားအားလုံး၏ ညီညွတ်မှု၊ အမျိုးသားရေးဇာတိမာန်နှင့် တိုးတက်လိုစိတ်များပင်ဖြစ်ပါသည်။ ထိုအချက်များကပင် နိုင်ငံ၏ အချုပ်အခြာ၊ နိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်နိုင်မည့် ပြည်သူအများကောင်းစားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အာမခံမည့် အာမခံချက်များအဖြစ် အလေးအနက်ထား ယုံကြည်ကြရပါမည်။ ။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ခရစ်တော်မွေးနေ့(ခရစ္စမတ်နေ့)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနား တက်ရောက်

**မန္တလေး ဒီဇင်ဘာ ၂၅**

Good News Church (Mandalay)က ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်နေ့) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ Good News Church (Mandalay)မှ သိက္ခာတော်ရ ဆရာတော် ဦးခွန်ထူးနှင့် တာဝန်ရှိသူများ၊ အသင်းသူအသင်းသားများ၊ ခရစ်ယာန်ဘာသာဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရစ္စမတ်ပွဲတော်အခါသမယနေ့တွင် ခရစ်ယာန်ဘာသာဝင်များနှင့်အတူ ပါဝင်ဆင်နွှဲရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ခရစ်ယာန်ဘာသာဝင်များနှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ ကမ္ဘာသူကမ္ဘာသားများအားလုံး ခရစ်တော်၏ မေတ္တာတရားဖြင့် ငြိမ်းချမ်းသာယာရှိကြပါစေ၊ ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာအဖြာဖြာ ခံစားနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ကြောင်း ပြောကြားသည်။




ထို့နောက် Good News Church (Mandalay)မှ သိက္ခာတော်ရဆရာတော် ဦးခွန်ထူးက မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး ကောင်းချီးမင်္ဂလာများရရှိရန် မေတ္တာပို့သဆုတောင်းပေးပြီး ခရစ္စမတ်နေ့အကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် Good News Church (Mandalay)မှ ခရစ်ယာန်ဘာသာဝင်လူငယ်များ၏ ခရစ်တော်မွေးနေ့(ခရစ္စမတ်နေ့) ကျေးဇူးတော်ချီးမွမ်းခြင်း၊ ခရစ္စမတ်တေးသီချင်းများဖြင့် ဂုဏ်ပြုတင်ဆက်ခြင်းများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။(ဝဲပုံ)

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရစ်တော်မွေးနေ့ (ခရစ္စမတ်နေ့) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင်များ၊ ဆရာတော်များ၊ လူငယ်အဖွဲ့များနှင့် ရပ်မိရပ်ဖများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ကြပြီး ခရစ်တော်မွေးနေ့(ခရစ္စမတ်နေ့) ကျေးဇူးတော်ချီးမွမ်းခြင်း အထိမ်းအမှတ်ညှော်ခံသည့် လန်းဆန်းစာများကို အတူတကွ သုံးဆောင်ကြသည်။

သတင်းစဉ်

# နေပြည်တော်ရှိ ခရစ်ယာန်ဘုရားကျောင်းနှင့် အသင်းတော်များ၌ ဝတ်ပြုဆုတောင်းခြင်း၊ မိတ်ဆုံစားခြင်းနှင့်ပျော်ပွဲရွှင်ပွဲများ ပျော်ရွှင်စွာဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ယနေ့သည် ယေရှုခရစ်တော်ဖွားမြင်တော်မူသည့်နေ့ကို အထိမ်းအမှတ်ပြုသည့် ခရစ္စမတ်နေ့ဖြစ်သည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘာသာဝင်များသည် သက်ဆိုင်ရာခရစ်ယာန်ဘုရားကျောင်းများအလိုက် ဝတ်ပြုဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းတို့ကို ဆောင်ရွက်ကြပြီး ညပိုင်းတွင် ရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင် ထွန်းညှိကြသည်။

ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ စိန့်မိုင်ကယ်ကက်သလစ်ဘုရားကျောင်း၊ မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်နှင့် အခြား ခရစ်ယာန်ဘုရားကျောင်းများ၌ ခရစ်ယာန်ဘာသာဝင်များသည် ခရစ္စမတ်နေ့ အခါသမယ အခမ်းအနားကို အဖွင့်မေတ္တာပို့ဆုတောင်း၍ ဖွင့်လှစ်ပေးကာ ဓမ္မသီချင်းများကို စုပေါင်းသီဆို ချီးမွမ်းကြသည်။



ထို့နောက် ခရစ်ယာန်ဘုန်းတော်ကြီးများ၊ သိက္ခာတော်ရဆရာတော်များနှင့်အတူ ခရစ်ယာန်ဘာသာဝင်များသည် သမ္မာကျမ်းစာဖတ်ကြားပြီး မေတ္တာပို့ဆုတောင်းခြင်းများ ဆောင်ရွက်ကြကာ ကျေးဇူးတော်ချီးမွမ်းခြင်း အထိမ်းအမှတ် မိတ်ဆုံစားခြင်းနှင့် ပျော်ပွဲရွှင်ပွဲများကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်ကြသည်။



ထို့ပြင် ခရစ်ယာန်ဘုရားကျောင်းများ၌ ခရစ္စမတ်နေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အဖြစ် ဓမ္မတေးသီဆိုမှုများ၊ အပြန်အလှန် လက်ဆောင်ပေးခြင်း အစီအစဉ်များ ဆောင်ရွက်ကြပြီး ညပိုင်းတွင် ဘုရားကျောင်းများ၌ ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထွန်းညှိ၍ ခရစ်တော်မွေးနေ့ကို ပျော်ရွှင်စွာဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

အောင်ရဲသွင်
ဓာတ်ပုံ - ကိုကိုအေး

# ပုပ္ပားတောင်မကြီး၏ ဒီဇင်ဘာတောင်တက်ပွဲ ပါဝင်တက်ရောက်သူများပြား

**ညောင်ဦး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၏ အရှေ့မြောက်ဘက် ၁၁ မိုင် ခန့်အကွာတွင် တည်ရှိသော ကမ္ဘာကျော်မီးငြိမ်းတောင် တစ်လုံးဖြစ်သည့် ပုပ္ပားတောင်မကြီး၏ ဒီဇင်ဘာတောင်တက်ပွဲသို့ ပါဝင်တက်ရောက်သူများပြားစွာ တက်ရောက်ခဲ့ကြောင်း ပုပ္ပားဒေသခံများထံမှ သိရသည်။



**ဝါသနာရှင်များ တက်ရောက်**

အဆိုပါ ပုပ္ပားတောင်တက်ပွဲကို တောင်တက်သူ ၂၅၀၀ ကျော် ပါဝင် တက်ရောက်ခဲ့ကြောင်း၊ ကျောက်ပန်းတောင်း ဝန်းကျင်မြို့များဖြစ်သည့် မကွေး၊ ရေနံချောင်း၊ ချောက်၊ စလေ၊ တောင်သာ၊ မိတ္ထီလာ၊ ငါ့သရောက်၊ ညောင်ဦး၊ ပုဂံ၊ ဝဲလောင်၊ ပုပ္ပားလွင်ရွာ၊ ကံဇာတ်ကုန်းရွာ၊ အင်ချောင်းရွာနှင့် ကျောက်ပန်းတောင်းမြို့မှ တောင်တက် ဝါသနာရှင်များ စုပေါင်း တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တောင်တက်သူအများစုသည် မိတ်ဆွေ အပေါင်းအသင်းများနှင့် တက်ရောက်ကြခြင်း၊ မိသားစုလိုက် တက်ရောက်ကြခြင်းများရှိကြကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်ရှိပုပ္ပားတောင်မကြီးပေါ်သို့ ဒီဇင်ဘာလတစ်လလုံး နေ့စဉ် တောင်တက်သူများ ရှိကြောင်း၊ ပုပ္ပားဒေသခံများက တောင်တက်လမ်းတစ်လျှောက် ရေသန့်၊ ကြာဆံဟင်းခါး၊ ခေါက်ဆွဲပြုတ်များ၊ သစ်သီးမျိုးစုံ၊ အကြော်မျိုးစုံကို ရောင်းချကြကြောင်း၊ ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ရက်အတွင်း တောင်တက်သူအများဆုံး လာရောက်နိုင်သည့် ရက်များလည်းဖြစ်ကြောင်း ဒေသခံဈေးသည်များ၏ ပြောပြချက်အရ သိရသည်။

**အမြင့်ဆုံးတောင်ထိပ်ဖြစ်**

တောင်တက် သူများသည် အမြင့် ပေ ၄၃၀၀ ခန့်ရှိ နွားလပို့(ဗိုဘ္ဘ)တောင်၊ အမြင့်ပေ ၄၆၀၀ ခန့်ရှိ ဆေးမွှန်တောင်၊ ၄၇၅၅ ပေရှိ စပါးပုံတောင်နှင့် ပုပ္ပားတောင်၏ အမြင့်ဆုံး တောင်ထိပ်ဖြစ်သည့် ၄၉၈၁ ပေရှိ မှန်ပြတောင်များသို့ တက်ရာက်ကြကြောင်း သိရသည်။

ဒီပါလင်း

# မိုးညှင်းမြို့နယ်၌ သမဝါယမအသင်းသားများ၏ မိုးစပါးများ အချိန်မီရိတ်သိမ်းလျက်ရှိ

**မိုးညှင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် ဆောင်ရွက်သည့် အခြေခံသမဝါယမအသင်း ၁၃ သင်းမှ စိုက်ဧက ၄၄၂၉ ဧကတွင် ဆင်းကေရီ-၃ စပါးမျိုးအား စိုက်ပျိုးထားရှိသည်။

ယခုအခါ စပါးများအချိန်မီရိတ်သိမ်းဆောင်ရွက်လျက်ရှိရာ ပင်းဟဲကျေးရွာ ရွှေနေကြာ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဒေါ်ခင်မာအေး၏ စိုက်ဧက ၁၂ ဧကတွင် ကောက်စိုက်သမ ၁၀ ဦးဖြင့် စပါးရိတ်သိမ်းပြီး ခြွေလှေ့စက်ဖြင့် ခြွေလှေ့ဆောင်ရွက်နေမှုအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မိုးလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုရာ တစ်ဧကလျှင် ပျမ်းမျှစပါးတင်း ၉၀ မှ ၉၅ တင်းကြားထွက်ရှိကြောင်း၊ အဆိုပါစပါးရိတ်သိမ်းပြီး လယ်ဧကများတွင် ပဲပုပ် ၁၀ ဧကနှင့် နေကြာနှစ်ဧက ပြန်လည်စိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# မြိတ်မြို့ သီတဂူဇီဝိတစက္ခုဒါနဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



နေပြည်တော် ဒီဇင်ဘာ ၂၅

**တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သီတဂူဇီဝိတစက္ခုဒါနဆေးရုံတော်၌ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ပုလောနှင့် ဘုတ်ပြင်းမြို့တို့မှ မျက်စိဝေဒနာရှင် ဒေသခံပြည်သူများကို မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိရောဂါနှင့်ပတ်သက်၍ ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ယနေ့နံနက်ပိုင်းတွင် ကမ္ဘာ့သာသနာပြု ရွှေကျင်နိကာယ သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ Ph.D.D.Litt သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး (ဝဲပုံ) လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မျက်စိရောဂါကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ စုစုပေါင်းလူနာ ၄၇၅ ဦးကို ကုသပေးနိုင်ခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်အထိ ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများ စွယ်တော်သုံးဆူ၊ မဟာငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားဋ္ဌောင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနူဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဇ္ဇဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဘုရားဖူးဧည့်သည် များပြားလျက်ရှိကြောင်း သိရသည်။

ပုဂံ - ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်းပြည်ပခရီးသွားများ အဆက်မပြတ်သည့်မြို့ဖြစ်ကာ သီတင်းကျွတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်/ကျောင်းပိတ်ရက်များတွင် ပုဂံဒေသ၏ အလွန်ရှေးကျပြီး ပကတိအတိုင်းရှိနေသေးသည့် ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ယနေ့တိုင်ရှိနေခြင်း၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း နေရာစိပ်စိပ်နှင့် လက်ညှိုးထိုးမလွဲတစ်နေရာနှင့်တစ်နေရာ မဝေးကွာဘဲ တစ်ဆက်တစ်စပ်တည်း ဘုရားပုထိုးများ ဖူးမြော်နိုင်ခြင်းက ပြည်တွင်းပြည်ပခရီးသွားများကို အလွန်ပင်ဆွဲဆောင်လှကြောင်း၊ ခရစ္စမတ်အားလပ်ရက် ပုဂံ - ညောင်ဦး ဘုရားဖူးလာရောက်သူ ဦးရေ ၂၀၀၀၀ ကျော် လာရောက်ဖူးမြော်ကြကြောင်း ရွှေစည်းခုံဘုရားဂေါပကရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးထံမှ သိရသည်။

**ဒီပါလင်း**

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် နေကြာပန်းကဏန်းပျော့ မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ် နေကြာပန်းကဏန်းပျော့ မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ကို ကဏန်းမွေးမြူရေးဇုန်ရှိ နေကြာပန်းကဏန်းပျော့ မွေးမြူရေးစခန်း၏ ဧည့်ခန်းမ၌ တာဝန်ရှိသူများက ၂၀၀၉ ခုနှစ်မှစ၍ ယနေ့အထိ လုပ်ငန်းများ လုပ်ကိုင်နေမှု၊ လိုအပ်သောရေကို မော်ဝန်းမြစ်ကယူ၍ ကဏန်းပျော့ မွေးမြူနိုင်ရန် ပြန်လည်ပြုပြင်ပြီး လုပ်ငန်းများလုပ်ကိုင်နေမှု၊ ကဏန်းပျော့ မွေးမြူရေးကန်ငါးကန်တွင် အကောင်ရေ ၁၀ သိန်း မွေးမြူထားရှိပြီး တစ်လလျှင် ဂဏန်းပျော့ကောင်ရေ ၂၆၀၀၀ တန်အားဖြင့် နှစ်တန်ခန့် ထုတ်လုပ်နိုင်ကြောင်း၊ ကိုရီးယား၊ ဩစတြေးလျ၊ အီးယူနိုင်ငံများ အစရှိသည့် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနေမှုများနှင့် ပြည်တွင်း၌ ဖြန့်ချိရောင်းချနေမှုများကိုလည်းကောင်း၊ ကဏန်းများ ပြန်လည်မွေးမြူရာတွင် အကောင်ငယ်အဖြစ်မှ သုံးလအတွင်းရှင်သန်ကြီးထွားမှုအပါအဝင် ကဏန်းပျော့မွေးမြူခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဏန်းပျော့ မွေးမြူရေးကန်များအတွင်း အရေခွံလဲပြီး ကဏန်းများကောက်ယူခြင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သေကျေ ပျက်စီးဆုံးရှုံးသွားသည့် ကဏန်းပျော့များဖြင့်ကဏန်းအမိုင်နိုအော်ဂဲနစ် အသီးအရွက်အတွက် ရွက်ဖျန်းအားဆေးရည်နှင့် သဘာဝမြေဆီလွှာပြုပြင်ဆေး ထုတ်လုပ်နေမှု၊ ဈေးကွက်သို့တင်ပို့ရောင်းချရန် ပါကင်ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၈နာရီမှ စတင်၍နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ငါးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး - တစ်ဂိုး ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို လေးဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းက



နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး - ဂိုးမရှိ ဖြင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ**(အပေါ်ပုံ)** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို သုံးဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး - နှစ်ဂိုး ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

# စစ်ကိုင်းတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

မုံရွာ ဒီဇင်ဘာ ၂၅

**စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ အဆင့်မြင့် ပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀၊ မီတာ ၄၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲများနှင့် အလျားခုန်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမျိုးသားမီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊တတိယ ဆုရရှိကြသော အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော အားကစားသမားများအား တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် မုံရွာစီးပွားရေးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်ကျောင်းတို့မှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များက အမျိုးသား အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲများနှင့် အမျိုးသမီး အလျားခုန်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲအား နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံတို့တွင် ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းမှ စတင်ပြီး စတုတ္ထနေ့ ပွဲစဉ်များအဖြစ် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော နေရာများတွင် ယှဉ်ပြိုင်ကစားကြသည်။





ပညာရေးဒီဂရီ ကောလိပ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C)ရုံ၌ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ပညာရေးဒီဂရီကောလိပ်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)** ပိုက်ကျော်ခြင်းပြိုင်ပွဲ အပြီးတွင် မန္တလေးဇုန်(ခ)အသင်းက ပထမ၊ ရန်ကုန် ဇုန်(ခ) က ဒုတိယ၊ မန္တလေးဇုန်(က) အသင်းက တတိယ၊ ရန်ကုန်ဇုန်(က) အသင်းက နှစ်သိမ့်ဆုများ ရရှိကြသည်။



ပြိုင်ပွဲများအပြီးတွင် ဆုရရှိကြသူများအား ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်စွာသွင်တို့က ဆုများနှင့် ပိုက်ကျော်ခြင်းတံခွန်စိုက်ဒိုင်းဆုကို ချီးမြှင့်ပေးကြသည်။

ယနေ့နံနက် ၇ နာရီမှ စတင်၍ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းတွင် ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲ၌ အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသားမီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား သံပြားပစ်ပြိုင်ပွဲ၊ အမျိုးသမီး သံပြားပစ်ပြိုင်ပွဲ ပွဲစဉ်များကို ကျင်းပကြရာ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မောင်ချစ်မိုးဟိန်း (ဘားအံ)က ပထမ၊ မောင်ပြည့်စုံအောင် (ဘိုကလေး)က ဒုတိယ၊ မောင်မင်းထက်အောင် (စစ်ကိုင်း)က တတိယရရှိကြသည်။ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် မစုပြည့်ပြည့်ဦး(ထားဝယ်)က ပထမ၊ မဆုနံ့သာအောင်(ဘားအံ)က ဒုတိယ၊ မအိရွှေစင်ထက်(စစ်ကိုင်း)က တတိယရရှိကြပြီး အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မောင်ရင်ကိုဦး(သဃ်န်းကျွန်း)က ပထမ၊ စိုင်းသီဟစိုး(ဘားအံ)က ဒုတိယ၊ မောင်ဝိုင်းထက်ကျော်နိုင်(လှည်းကူး)က တတိယရရှိကြပြီး အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် မသဇင်စိုးစံ(ထားဝယ်)က ပထမ၊ မနန်းစုထွေး(စစ်ကိုင်း)က ဒုတိယ၊ မထက်ထက်ဝင်း(ဘားအံ)က တတိယ ရရှိကြသည်။

အမျိုးသား သံပြားပစ်ပြိုင်ပွဲတွင် မောင်ကျော်စွာဦး(ဘားအံ)က ပထမ၊ မောင်မျိုးမြတ်သူ (ဘိုကလေး)က ဒုတိယ၊ မောင်ဇင်သူအောင် (မကွေး) က တတိယ ရရှိကြပြီး အမျိုးသမီး သံပြားပစ်ပြိုင်ပွဲတွင် မသီသီဟန်(မကွေး)က ပထမ၊ မဇူးဇူးအောင်(ဘိုကလေး)က ဒုတိယ၊ မဝသုန်ဦး(ဘားအံ)က တတိယဆုများကို ရရှိကြပြီး ဆုရရှိကြသူများအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က ဆုများကို ချီးမြှင့်ပေးကြသည်။

မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ် (၃)၌ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်ကို ရန်ကုန်ဇုန်(က)အသင်းနှင့် ရန်ကုန်ဇုန်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်ဇုန်(က)အသင်းက ရန်ကုန်ဇုန် (ခ)အသင်းကို ငါးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

မန်ယူအသင်းထက် တိုက်စစ်ပိုင်း ထက်မြက်တယ်။ ကစားပုံမာကျောပြီး အသင်းလိုက် စွမ်းဆောင်မှု အကောင်းဆုံးပုံစံမှာရှိတယ်။ ဗီလာအသာရဖွယ်ရှိတယ်။ ဒီပွဲစဉ်ကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၂ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

**အဲဗာတန် – မန်စီးတီး**

အမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံထားရသည့်တိုင် အဲဗာတန်ရဲ့ ခြေစွမ်းက အကောင်းဆုံးပုံစံမှာ ရှိနေတယ်။ မန်စီးတီးက အမှတ်ပေးဇယားဦးဆောင်သူနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းစေဖို့အတွက် အဲဗာတန်ကို မဖြစ်မနေ နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ အဲဗာတန်အသင်း ခြေစွမ်းထက်တာမှန်ပေမယ့် မန်စီးတီးကို နိုင်ဖွယ်ရာမရှိဘူး။ ဒီပွဲစဉ်ကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၂ နာရီ ၄၅ မိနစ်မှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

**အာဆင်နယ် – ဝက်စ်ဟမ်း**

အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ဖို့ ဝက်စ်ဟမ်းအသင်းကို မဖြစ်မနေနိုင်ပွဲရရှိဖို့ အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဝက်စ်ဟမ်းကလည်း ပြီးခဲ့တဲ့ပွဲမှာ မန်ယူကို ဂိုးပြတ်အနိုင်ရရှိအောင် စွမ်းဆောင်ထားတယ်။ အာဆင်နယ်အသင်း ခက်ခက်ခဲခဲကစားပြီး ကပ်နိုင်ဖွယ်ရှိတယ်။

**အောင်ဇော်**

# တိုကျိုမြို့ရှိ ဆေးရုံတစ်ခု၌ အယ်လ်ဇိုင်းမားဆေးအသစ်ကို စတင်သုံးစွဲ

တိုကျို ဒီဇင်ဘာ ၂၅

**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆေးရုံတစ်ရုံ၌ အယ်လ်ဇိုင်းမားရောဂါကို ကုသရန် ဆေးဝါးသစ်တစ်မျိုးကို ပထမဆုံးအကြိမ် အသုံးပြု၍ ကုသမှုများဆောင်ရွက်နေပြီဖြစ်သည်။**

လက်ကာနီမက်ဘ်ဟုခေါ်သည့် အဆိုပါဆေးဝါးကို ဂျပန်ဆေးဝါးကုမ္ပဏီ အီဆိုင်နှင့် အမေရိကန်ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် ဘိုင်အိုဂျန်တို့က ပူးပေါင်းတီထွင်ခဲ့ခြင်းဖြစ်သည်။ ဆေးဝါးသည် ဦးနှောက်အတွင်း အေမီလွိုက်ဘီတာ ပရိုတင်းစုပုံခြင်းကို လျှော့ချခြင်းဖြင့် ရောဂါ၏တိုးတက်မှုကို နှေးကွေးစေရန် ထုတ်လုပ်ထားသည်ဟု ဆိုသည်။

အဆိုပါဆေးဝါးသည် ဒီဇင်ဘာ ၂၀ ရက်က ပြည်သူ့ကျန်းမာရေး အာမခံစနစ်အောက်၌ အကျုံးဝင်လာခဲ့ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် သက်ကြီးရွယ်အိုလေ့လာရေးဆိုင်ရာ အင်စတီကျုနှင့် တိုကျိုမြို့တော် သက်ကြီးဘိုးဘွားများဆေးရုံရှိ အသက် ၅၀ ကျော် အမျိုးသမီးလူနာတစ်ဦးအား လက်ကာနီမက်ဘ်အစက်ချဆေးကို စတင်အသုံးပြုကုသပေးခဲ့သည်။

ဆေးဝါးသည် အပျော့စားမှတ်ဉာဏ် ချို့ယွင်းသူများနှင့် ဦးနှောက်ထိခိုက် ခံစားရသူများအတွက် ရည်ရွယ်ထုတ်လုပ်ထားပြီး လူနာများအား ဘေးထွက်ဆိုးကျိုးရှိ မရှိ ပုံမှန်စစ်ဆေးရန် လိုအပ်သောကြောင့် အထူးစစ်ဆေးမှုများပြုလုပ်နိုင်သည့် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများကိုသာ ဆေးဝါးကို အသုံးပြုခွင့်ပြုထားသည်။


အယ်လ်ဇိုင်းမားရောဂါကို ကုသည့် ဆေးဝါးသစ်။

အင်န်အိတ်ချ်ကေ

# အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင် ဒုက္ခသည်စခန်းရှိ လူ ၇၀ သေဆုံး

ဂါဇာ ဒီဇင်ဘာ ၂၅

ဂါဇာကမ်းမြောင် အလယ်ပိုင်းရှိ အယ်လ်မက်ဂါဇီ ဒုက္ခသည်စခန်းကို ဒီဇင်ဘာ ၂၄ ရက်က ပြုလုပ်သည့် အစ္စရေး လေကြောင်းတိုက်ခိုက်မှုအတွင်း ပါလက်စတိုင်း ၇၀ ထက်မနည်း သေဆုံးခဲ့ကြောင်း အစိုးရပိုင် ပါလက်စတိုင်းရုပ်သံက ဖော်ပြသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဒုက္ခသည်စခန်းများကြားရှိအလယ်ပိုင်းဒေသ၏ အဓိကလမ်းမများပေါ်သို့ ဗုံးကြဲတိုက်ခိုက်နေပြီး လူထူထပ်သည့် နေရာများသို့ ကျရောက်မှုကြောင့် သေဆုံးသူဦးရေ တိုးလာဖွယ်ရှိကြောင်း၊ အဆိုပါနေရာသို့ လူနာတင်ယာဉ်များနှင့် အရပ်ဘက်ယာဉ်များ သွားရောက်ရန် အခက်အခဲဖြစ်ပေါ်နေကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်ရှာရက်ဖ် အယ်လ်ကီဒရာ က ပြောသည်။

သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ပြောကြားသည်။ အယ်လ်မက်ဂါဇီ ဒုက္ခသည်စခန်းအပြင် ဂါဇာကမ်းမြောင်အလယ်ပိုင်းရှိ အယ်လ်ဘူရစ်ဂျ် ဒုက္ခသည်စခန်းနှင့် တောင်ပိုင်း ခန်ယူးနစ်မြို့တို့ကိုလည်း တိုက်ခိုက်ခဲ့ကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။

ဂါဇာကမ်းမြောင် ဒေသတွင် အသေးဆုံး ဒုက္ခသည်စခန်းတစ်ခုဖြစ်သည့် အယ်လ်မက်ဂါဇီဒုက္ခသည်စခန်းသည် လူဦးရေသိပ်သည်းဆမြင့်မားကာ ဝ ဒသမ ၆ စတုရန်းကီလိုမီတာတွင် လူ ၃၀၀၀၀ နီးပါး နေထိုင်လျက်ရှိကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။


ဂါဇာ၌ ဒုက္ခသည်စခန်း ပျက်စီးနေမှုကို တွေ့ရစဉ်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်နိုင်ငံ၌ လေးရက်ကြာ ပိုလီယိုတိုက်ဖျက်ရေးလှုပ်ရှားမှုစတင်

ကဘူးလ် ဒီဇင်ဘာ ၂၅



အာဖဂန်နစ္စတန် နိုင်ငံ၌ လေးရက်ကြာ ပိုလီယို တိုက်ဖျက်ရေးလှုပ်ရှားမှုကို ဒီဇင်ဘာ ၂၅ ရက်တွင် စတင်လိုက်ကြောင်း ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

ထို့ကြောင့် အသက်ငါးနှစ်အောက် ကလေးငယ် ၈ ဒသမ ၈ သန်းခန့်မှာ ပိုလီယိုကာကွယ်ဆေး လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ကာကွယ်ဆေးတိုက်ကျွေးမှု ခုနစ်ရက်ကြာမြင့်ဖွယ်ရှိသော အရှေ့ပိုင်းဒေသရှိ ခရိုင် ၄၂ ခုတွင် အသက် ၁၀ နှစ်အောက် ကလေးငယ်များ ပိုလီယိုကာကွယ်ဆေးများကို လက်ခံရရှိမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် ယခုနှစ်၌ လက်ရှိအချိန်အထိ ပိုလီယိုရောဂါဖြစ်ပွားမှုနှင့်ပတ်သက်ပြီး အစီရင်ခံတင်ပြထားခြင်း မရှိပေ။ အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၂၂ ခုနှစ်က ပိုလီယိုရောဂါဖြစ်ပွားသူ နှစ်ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# မိုးလေဝသဂြိုဟ်တုလေးစင်း တရုတ်လွှတ်တင်

ကျိုချွမ် ဒီဇင်ဘာ ၂၅

တရုတ်နိုင်ငံသည် နိုင်ငံအနောက်မြောက်ပိုင်း ကျိုချွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အာကာသအတွင်းသို့ မိုးလေဝသဂြိုဟ်တု လေးစင်းကို ဒီဇင်ဘာ ၂၅ ရက်က အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း သိရသည်။

မိုးလေဝသဂြိုဟ်တုအုပ်စု Tianmu-1 ကို Kuaizhou-1A သယ်ဆောင်ရေးဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် နံနက် ၉ နာရီတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး သတ်မှတ်ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ဝင်ရောက်နိုင်ခဲ့သည်။ အဆိုပါမိုးလေဝသဂြိုဟ်တုများကို စီးပွားဖြစ်မိုးလေဝသအချက်အလက် ဝန်ဆောင်မှုများအား ထောက်ပံ့ရာတွင် အဓိကထား အသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါ ဂြိုဟ်တုလွှတ်တင်မှုသည် Kuaizhou-1A သယ်ဆောင်ရေး ဒုံးပျံများ၏ (၂၃) ကြိမ်မြောက် ပျံသန်းရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



# သီရိလင်္ကာနိုင်ငံ ကြာပန်းမျှော်စင်သို့ ပြည်တွင်းပြည်ပခရီးသွား ၁ ဒသမ ၄ သန်းကျော် လာရောက်လည်ပတ်

ကိုလံဘို ဒီဇင်ဘာ ၂၅

သီရိလင်္ကာနိုင်ငံ၏ ကြာပန်းမျှော်စင်သည် ၂၀၂၂ ခုနှစ် စက်တင်ဘာလက ဖွင့်လှစ်ပြီးနောက်ပိုင်း ပြည်တွင်းပြည်ပခရီးသွား ၁ ဒသမ ၄ သန်းကျော်ကို ဆွဲဆောင်နိုင်ခဲ့ကြောင်း ကိုလံဘိုကြာပန်းမျှော်စင် စီမံခန့်ခွဲရေးကုမ္ပဏီက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောသည်။

ဒီဇင်ဘာ ၂၄ ရက် တစ်ရက်တည်းတွင် နိုင်ငံခြားသား ၂၃၇ ဦး အပါအဝင် လူပေါင်း ၇၅၂၂ ဦး ကြာပန်းမျှော်စင်သို့ လာရောက်လည်ပတ်ခဲ့ကြောင်း အဆိုပါကုမ္ပဏီက ပြောသည်။ ထို့အပြင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ကာ ကြာပန်းမျှော်စင်သို့ ပြည်တွင်းခရီးသွား ၁၄၀၀၄၄၄ ဦးနှင့် နိုင်ငံခြားခရီးသွား ၄၂၉၇ ဦး လာရောက် လည်ပတ်ခဲ့ကြောင်းလည်း အဆိုပါကုမ္ပဏီက ပြောသည်။

သီရိလင်္ကာနှင့် တရုတ်နိုင်ငံတို့သည် ၂၀၁၂ ခုနှစ်တွင် တောင်အာရှ၌ အမြင့်ဆုံးဖြစ်လာမည့် ထိုကြာပန်းမျှော်စင်ကို တည်ဆောက်ရန်အတွက် သဘောတူညီချက်တစ်ခု လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆင်ဟွာ


ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်သည့် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ ကြာပန်းမျှော်စင်ကို တွေ့ရစဉ်။

# အီသီယိုးပီးယားနိုင်ငံ၌ လူပေါင်း သန်း ၂၀ ကျော် လူသားချင်းစာနာထောက်ထားမှုအကူအညီ လိုအပ်နေဆဲဖြစ်

လင်းလက်ကြယ်

**အာဖရိကတိုက်မှာ ဒုတိယမြောက် လူဦးရေအထူထပ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အီသီယိုးပီးယားနိုင်ငံမှာ အဓိကအားဖြင့် လူမျိုးရေးအကြမ်းဖက်မှု၊ ရောဂါဘယဖြစ်ပွားမှု၊ ပဋိပက္ခဖြစ်ပွားမှုနဲ့ ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေကနေ အရင်းခံဖြစ်တည်လာမှုကြောင့် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်ချက်တွေနဲ့ ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်တယ်လို့ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (ယူအင်န်အက်ဖ်ပီအေ) က ပြောပါတယ်။**

အာဖရိကဦးချိုဒေသမှာ တည်ရှိပြီး ကုန်းတွင်းပိတ်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ အီသီယိုးပီးယားနိုင်ငံမှာ မကြာသေးခင် သီတင်းပတ်တွေအတွင်း မိုးခေါင်မှုနဲ့ ရေကြီးရေလျှံမှုကဲ့သို့ ဆိုးရွားတဲ့ ရာသီဥတုဖြစ်စဉ်တွေက နေရပ်စွန့်ခွာရမှု၊ ကောက်ပဲသီးနှံနဲ့ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တွေ ထိခိုက်ပျက်စီးမှုအပါအဝင် ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေကို ဆက်လက်ဖြစ်ပေါ်စေခဲ့ပါတယ်။

ဒါ့အပြင် အဲဒီလိုဖြစ်ပွားမှုက ပြည်သူတွေရဲ့ ကျန်းမာရေးအန္တရာယ် ဖြစ်ပွားမှုကိုလည်း မြင့်တက်စေတယ်လို့ အီသီယိုးပီးယားနိုင်ငံအခြေအနေနဲ့ ပတ်သက်လို့ နောက်ဆုံးထုတ်ပြန်ချက်မှာ ယူအင်န်အက်ဖ်ပီအေက ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။

**မိုးခေါင်ရေရှားမှု အကျိုးဆက်**

အီသီယိုးပီးယားနိုင်ငံမှာ လူသားချင်းစာနာ ထောက်ထားမှုအကူအညီတွေ အရေးပေါ်လိုအပ်ချက်အဖြစ် ဆက်လက်ရှိနေတဲ့အပြင် ငါးရာသီဆက် ပြင်းထန်တဲ့ မိုးခေါင်ရေရှားမှု အကျိုးဆက်တွေနဲ့ လုံးပန်းနေရတဲ့ လူထုအသိုက်အဝန်းရဲ့ လိုအပ်ချက်တွေကို ပံ့ပိုးဖြည့်ဆည်းပေးဖို့လည်း လုံလောက်မှု မရှိသေးပါဘူး။ ယူအင်န်အက်ဖ်ပီအေရဲ့ ထုတ်ပြန်ချက်အရ အမ်ဟာရာနဲ့ တီဂရေးဒေသတွေမှာ မိုးခေါင်ခြင်းကဲ့သို့ အခြေအနေတွေကြောင့် ခန့်မှန်းခြေ လူပေါင်း ငါးသန်းလောက် ထိခိုက်ခံစားနေရပြီး အသက်ကယ်အကူအညီ အရေးပေါ်လိုအပ်နေတယ်လို့ သိရပါတယ်။

ဒါ့အပြင် အောက်တိုဘာလနဲ့ နိုဝင်ဘာလကြားမှာ မိုးသည်းထန်စွာရွာသွန်းမှုနဲ့ မြစ်ရေလျှံမှုတွေကြောင့် ရေကြီးရေလျှံမှု၊ ရွှံ့ညွှန်ပြိုကျမှုတွေ ဖြစ်ပွားပြီး အထူးသဖြင့် ဆိုမာလီ၊ အိုရိုမီယာ၊ အေဖာ၊ အီသီယိုးပီးယား တောင်ပိုင်းနဲ့ ဂမ်ဘယ်လာဒေသတို့မှ လူပေါင်း ၁ ဒသမ ၅ သန်းခန့် ထိခိုက်မှုဖြစ်ပွားခဲ့တယ်လို့ ယူအင်န်အက်ဖ်ပီအေက ဆိုပါတယ်။

ဒေသတွင်း တိုက်ပွဲဆက်လက်ဖြစ်ပွားမှုတွေကြောင့်လည်း သွားရေးလာရေး ကန့်သတ်မှုအပြင် အထူးသဖြင့် ငှက်ဖျားနဲ့ ဝက်သက်ကဲ့သို့ ရောဂါဘယဖြစ်ပွားမှုမြင့်တက်နေတဲ့ အမ်ဟာရာဒေသမှာ ကောက်ပဲသီးနှံ စိုက်ပျိုးမှုမှာလည်း ဖြစ်ထွန်းအောင်မြင်ခြင်း မရှိတဲ့အတွက် လူပေါင်း ၂ ဒသမ ၈ သန်းလောက် စားနပ်ရိက္ခာမဖူလုံမှုနဲ့ ကြုံတွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။

**လူသားချင်းစာနာ ထောက်ထားမှု အကူအညီလိုအပ်**

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူးရုံးက ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ၄ ဒသမ ၅ သန်းအပါအဝင် လူပေါင်း သန်း ၂၀ ကျော်မှာ လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်တယ်လို့ ထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် အိမ်နီးချင်းဆူဒန်နိုင်ငံမှ ဒုက္ခသည်တွေ စုပြုံဝင်ရောက်လာမှုကြောင့် အီသီယိုးပီးယားနိုင်ငံရဲ့ လူသားချင်းစာနာထောက်ထားမှုအခြေအနေမှာ ပိုမိုဆိုးရွားဖွယ်ရှိတယ်လို့ ယူအင်န်အက်ဖ်ပီအေ ပြောပါတယ်။



အီသီယိုးပီးယားနိုင်ငံအတွင်း တိုက်ပွဲဖြစ်ပွားမှုကြောင့် နေရပ်စွန့်ခွာလာကြသူများ။

အီသီယိုးပီးယားနိုင်ငံ အရှေ့ပိုင်း ဆိုမာလီဒေသမှာ ပြီးခဲ့တဲ့လနောက်ဆုံးပတ်မှာ ကာလဝမ်းရောဂါလည်း ဖြစ်ပွားခဲ့ပါသေးတယ်။ အဲဒီလိုဖြစ်ပွားမှုကြောင့် လူပေါင်း ၂၃ ဦးထက်မနည်း သေဆုံးခဲ့ရပါတယ်။ ကာလဝမ်းရောဂါ ဖြစ်ပွားမှုဟာ သီတင်းနှစ်ပတ်အတွင်း အတည်ပြုရောဂါဖြစ်ပွားသူ ၇၇၂ ဦးနဲ့ သေဆုံးသူ ၂၃ ဦးအထိ ရှိခဲ့တယ်လို့ ကမ္ဘာလုံးဆိုင်ရာ ပရဟိတအသင်း Save the Children က ပြောပါတယ်။ ဆိုမာလီဒေသရှိ ကီလာဖိုခရိုင်မှာဆိုရင် အတည်ပြုရောဂါဖြစ်ပွားသူတွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ အသက်ငါးနှစ်အောက် ကလေးငယ်တွေ ဖြစ်ကြတယ်လို့ အဆိုပါ ပရဟိတအသင်းက ပြောပါတယ်။

**ကူးစက်ရောဂါများ**

အီသီယိုးပီးယားနိုင်ငံမှာ ၂၀၂၂ ခုနှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်ကြား ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၃၆၂ ဦး အပါအဝင် ရောဂါဖြစ်ပွားသူ ၂၆၃၉၈ ဦးအထိ ရှိတယ်လို့ ဆိုပါတယ်။ ရောဂါဖြစ်ပွားမှု အများဆုံးဟာ အိုရိုမီယာဒေသမှဖြစ်ပြီး ၎င်းနောက်မှာ အီသီယိုးပီးယားတောင်ပိုင်း၊ အမ်ဟာရာ၊ ဆိုမာလီ၊ စီဒမာ၊ အေဖာ၊ အီသီယိုးပီးယား အလယ်ပိုင်း၊ ဒီယာဒါဝါ၊ ဘင်နီရှန်ဂူလ်ဂွမ်ဇ်နဲ့ ဟာရာရီဒေသတို့က အများဆုံးဖြစ်ပါတယ်။

ငှက်ဖျားရောဂါဖြစ်ပွားမှုမှာဆိုရင်လည်း ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ၂ ဒသမ ၉ သန်းအထိ ရှိတယ်လို့ ဆိုပါတယ်။ အဲဒီရောဂါဖြစ်ပွားမှုရဲ့ ၅၀ ရာခိုင်နှုန်းကျော်ဟာ အိုရိုမီယာဒေသမှ ဖြစ်ပါတယ်။ ဝက်သက်ရောဂါဖြစ်ပွားမှုမှာကြည့်ရင် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ သေဆုံးသူ ၁၅၉ ဦးအပါအဝင် ရောဂါဖြစ်ပွားသူပေါင်း ၂၀၇၈၂ ဦးအထိ ရှိတယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် အီသီယိုးပီးယားနိုင်ငံမှာ သဘာဝနဲ့ လူလုပ်ကပ်ဘေးကြောင့် ကလေးငယ် ၇ ဒသမ ၆ သန်း စာသင်ကြားရခြင်းမရှိဘူးလို့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ဆိုပါတယ်။ အီသီယိုးပီးယားနိုင်ငံဒေသအချို့မှာ ပဋိပက္ခဆက်လက်ဖြစ်ပွားနေတဲ့အတွက် ကလေးတွေရဲ့ ပညာသင်ကြားခွင့် အနှောင့်အယှက်ဖြစ်စေတယ်လို့ ဆိုပါတယ်။

**ရန်ပုံငွေလိုအပ်**

အီသီယိုးပီးယား ၂၀၂၃ လူသားချင်းစာနာထောက်ထားမှု တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်ရဲ့ ရန်ပုံငွေ ကောက်ခံရရှိမှုမှာ ၁၁ လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၃ ဘီလီယံသာ ရရှိသေးတဲ့အတွက် ရန်ပုံငွေလိုအပ်ချက် စုစုပေါင်း ၃ ဒသမ ၉၉ ဘီလီယံနဲ့နှိုင်းစာရင် ၆၆ ဒသမ ၇ ရာခိုင်နှုန်းနီးပါး ကွာဟနေတယ်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ။

ကိုးကား-ဆင်ဟွာ

- **လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးရုံးက ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ၄ ဒသမ ၅ သန်းအပါအဝင် လူပေါင်းသန်း ၂၀ ကျော်မှာ လူသားချင်းစာနာထောက်ထားမှု အကူအညီလိုအပ်တယ်လို့ ထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် အိမ်နီးချင်းဆူဒန်နိုင်ငံမှ ဒုက္ခသည်တွေ စုပြုံဝင်ရောက်လာမှုကြောင့် အီသီယိုးပီးယားနိုင်ငံရဲ့ လူသားချင်းစာနာထောက်ထားမှုအခြေအနေမှာ ပိုမိုဆိုးရွားဖွယ်ရှိတယ်လို့ ယူအင်န်အက်ဖ်ပီအေ ပြောပါတယ်**

# ထူးခြားသည့်သဘာဝသံစဉ်များနှင့် ဆန်းကြယ်သောကိုယ်ခန္ဓာပိုင်ရှင် သစ်တောက်ငှက်များ...

*သိန်းညွန့်(P.Z.L)*

**ကမ္ဘာတစ်လွှားတွင် သစ်တောက်ငှက် မျိုးစိတ် ၁၈၃ မျိုးရှိသည့်အနက် အကြီးဆုံးသစ်တောက်ငှက် နှစ်မျိုးဖြစ်သော Imperial Woodpocker နှင့် Ivery-Lilled Woodpocker တို့သည်ကား မျိုးသုဉ်းပျောက်ကွယ်သွားခဲ့**



**သစ်တော** သစ်ပင်များ ခြုံလွှမ်းလျက်ရှိသော တောတောင်ဝန်းကျင်သည်ကား လူသားတို့အတွက် မြင်မြင်ရာသည် ရှင်းသန့်သောသဘာဝ အလှတရားကို ခံစားထိတွေ့မှုပေးစွမ်းနိုင်ပေသည်။

## သဘာဝသံစဉ်တေးသွားများ

ယင်းကဲ့သို့ သဘာဝရှုခင်း၊ မြင်ကွင်း ပသာဒများအကြားတောတောင်တစ်လွှား ပျံသန်းမြူးတူးနေကြသော ကျေးငှက် သာရကာအဖြာဖြာတို့၏ နေထိုင်ကျက်စားမှုအဝဝသည်လည်း လူသားတို့အတွက် အေးမြသော သဘာဝအထိအတွေ့ကို ဖော်ဆောင်နိုင်ပါ၏။ အထူးသဖြင့် ၎င်းတို့၏အော်မြည်သံများသည်ကား သဘာဝသံစဉ်တေးသွားများသဖွယ် ထူးခြားဆန်းသစ်လှပါပေသည်။

ယင်းတို့၏ အော်မြည်ဟစ်ကြွေးသော သံနေသံထား၊ အလေ့အထများသည် လူသားတို့အတွက်မူ သာယာနာပျော်ဖွယ်ရာ တေးသီချင်းတစ်ပုဒ်အလား ခံစားနားသောတ ဆင်နိုင်ကြသည်။ ပမာအားဖြင့် လူသားများနှင့် လက်ပွန်းတတီးဖြစ်နေသည့် ဥဩငှက်၏အော်မြည်သံသည် နွေဦးပေါက်ကာလ၏ သရုပ်သကန်ကို ဖော်ကျူးလေ့ရှိသည့်အသံအဖြစ် မှတ်ယူထားကြပြီးဖြစ်ချေသည်။

## တတောက်တောက်ခေါက်

သို့ရာတွင် အခြားသောငှက်များကဲ့သို့ သာယာငြိမ့်ညောင်းသော သံစဉ်မဟုတ်ဘဲ သစ်ပင်၏ ပင်စည်ကို တတောက်တောက် ခေါက်သံနှင့် ရံဖန်ရံခါတွင် စူးရှသော အော်မြည်သံများကို ကြောက်လန့်တကြားဖြင့် ကြားရသည်မှာကား သာမန်ထက် ပိုမိုထူးခြားသော အခင်းအကျင်း တစ်ခုပင်ဖြစ်သည်။



ယင်းတို့သည်ကား သစ်ပင်ပင်စည်ကို နှုတ်သီးဖြင့် တတောက်တောက် စဉ်ဆက်မပြတ် ခေါက်တတ်ကြသော **သစ်တောက်ငှက်**တို့၏ သစ်ပင်အခေါက် အက်ကြောင်းများအကြား အင်းဆက်ပိုးမွှားများကို ရှာဖွေဖမ်းယူ စားသောက်လေ့ရှိကြသည့် အသံပင်ဖြစ်သည်။

## မျိုးစိတ် ၁၈၃ မျိုး ရှိ

ကမ္ဘာတစ်လွှားတွင် သစ်တောက်ငှက်မျိုးစိတ် ၁၈၃ မျိုး ရှိသည့်အနက် အကြီးဆုံးသစ်တောက်ငှက် နှစ်မျိုးဖြစ်သော Imperial Woodpocker နှင့် Ivery-Lilled Woodpocker တို့သည်ကား မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ပေပြီ။

အရှေ့တောင်အာရှ တစ်ခွင်၌ သစ်တောက်ငှက်မျိုးစိတ်ပေါင်း ၃၉ မျိုး ရှိရာတွင် မြန်မာနိုင်ငံ၌ ၃၆ မျိုး ကျင်လည်ကျက်စားကြောင်း လေ့လာသိမှတ်ရသည်။ ဤသည်မှာ သစ်တောက်ငှက်တို့၏ စားကျက်ဒေသအဝဝ ပေါကြွယ်ဝသည့် အနေအထားကို ဖော်ပြခြင်းပင် ဖြစ်ချေသည်။

## တစ်စက္ကန့်လျှင် အကြိမ်၂၀ မျှ ခေါက်နိုင်

အမွေးအတောင် အမည်း၊ အဖြူ၊ အနီနှင့် အဝါ စသည်ဖြင့် ခြယ်သထားသော သစ်တောက်ငှက်တို့သည် တစ်နေ့တာ ကာလအတွင်းမှာပင် ခန့်မှန်း အကြိမ်ရေ ၈၀၀၀ နှင့် ၁၂၀၀၀ အကြား ခေါက်နိုင်ကြပြီး တစ်စက္ကန့်လျှင် အကြိမ် ၂၀ မျှ ခေါက်နိုင်ကြကြောင်း သိမှတ်ရသည်။

၎င်းတို့၏ထူးခြားသောအရည်အသွေး တစ်ခုမှာ တောင့်တင်းမာကျောလှသည့် အမြီးပိုင်းဖြင့် သစ်ပင်ပင်စည်များကို ထောက်ထားကာ ခန္ဓာကိုယ်ကို ထိန်းထားနိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် ပင်စည်ကို ဘေးတိုက်ကပ်ကာ နားခိုနိုင်ကြသည်။ သွားလိုရာနေရာသို့ ဘေးတိုက်သာမက အထက်အောက်ပါ ပျံသန်းနိုင်စွမ်းရှိကြသည်။

## တောတောင်များ၌ နေထိုင်ကျက်စား

အလေးချိန်အားဖြင့် ၈ ဒသမ ၂၅ အောင်စ(ခုနစ်ဂရမ်)၊ ကိုယ်အရှည် ၂ ဒသမ ၈ လက်မ (ခုနစ်စင်တီမီတာ) ရှိသော အရွယ်သေးငယ်သည့် သစ်တောက်ငှက်မျိုးနှင့် ကိုယ်အရှည် ၅၀ စင်တီမီတာ (လက်မ ၂၀) ရှိကြသည့် ခန္ဓာကိုယ်ကြီး သစ်တောက်ငှက် မျိုးစိတ်များအနက် အလေးချိန် ၁၂ ဒသမ ၇ အောင်စမှ ၁၉ ဒသမ ၉ အောင်စအထိ အရွယ်အစားရှိသော ခန္ဓာကိုယ်အကြီးဆုံး သစ်တောက်ငှက်များသည် မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှဒေသ တစ်လွှားရှိ တောတောင်များ၌ နေထိုင်ကျက်စားကြသည်။

## ကောင်ရေလျော့နည်းလာနိုင်

သစ်တောက်ငှက်များ ကျင်လည်ကျက်စားသော သစ်တောများကို စည်းကမ်းမဲ့ ခုတ်လှဲကြခြင်းကြောင့် ငှက်ကောင်ရေ လျော့နည်းလာနိုင်ပြီး ယင်းကဲ့သို့ ကောင်ရေ လျော့နည်းလာခြင်းကြောင့် သစ်တောများအတွင်း အင်းဆက် ခွံမာပိုးကောင်ရေ တိုးပွားလာနိုင်၍ သစ်ပင်များ၏ ရှင်သန်ပေါက်ပွားမှုကို များစွာထိခိုက်စေနိုင်ပေသည်။

ခြုံ၍ဖော်ပြရပါမူ သစ်တောက်ငှက်များသည် သဘာဝအလှတရား ဖန်တီးပေးထားသော သစ်တော၊ သစ်ပင်များ သာမက တောရိုင်းတိရစ္ဆာန်များ၏နေထိုင်မှု အခင်းအကျင်းနှင့်ပါ ဆက်နွှယ်လျက်ရှိရာ သဘာဝသစ်တောများရှိ**သစ်တောက်ငှက်**များ ရှင်သန်ရေးအတွက် ဒေသခံပြည်သူများကပါ ဝိုင်းဝန်းကူညီ ထိန်းသိမ်းသင့်ပါကြောင်း တပ်လှန့်နှိုးဆော်လိုက်ရပါသတည်း။ ။



# ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဆိုင်ရာ ပညာပေးသင်တန်းဖွင့်လှစ်ပို့ချ



**ပွင့်ဖြူ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံငါးမွေးတောင်သူများ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) စနစ်နှင့်အညီ ငါးမွေးမြူရေး နည်းပညာများ ရရှိစေရန်နှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းဖွင့်လှစ်ခြင်းကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာ၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းတွင် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်း၊ ပွင့်ဖြူငါးလုပ်ငန်း စခန်းတာဝန်ခံ ဦးစိုးလှိုင်တို့က ပညာပေးလက်ကမ်းစာစောင်များနှင့် အထောက်အကူပစ္စည်းများ ပေးအပ်ပြီး သင်ကြားပို့ချခြင်း ဆောင်ရွက်ရာ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းသားများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

ဇီဝမျိုးစုံ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

# ဒေသစီးပွားကို အထောက်အပံ့ပြုနေသည့် ပဲခူးဒေသ ငါးပိငါးခြောက်လုပ်ငန်းများ

**မင်းမင်း**

**မြန်မာ့ဓလေ့အရ မိသားစုထမင်းဝိုင်းတွင် ငါးပိငါးခြောက်ကို အခြေခံထား ချက်ပြုတ်သည့် ဟင်းလျာများကို စားသုံးခဲ့ကြသည်။ ယခုလည်း စားသုံးလျက်ရှိပြီး နောင်တွင်လည်း စားသုံးနေဦးမည်သာ။ သို့အတွက် ငါးထွက်ရှိရာဒေသများမှ ငါးပိငါးခြောက်လုပ်ငန်းများသည် တည်ရှိနေဦးမည်ဖြစ်သည်။ သို့သော် အငန်ကဲသည့်၊ ဆေးဝါးသုံးစွဲထားသည့် ငါးပိငါးခြောက်များကြောင့် ကျန်းမာရေးထိခိုက်မှုရှိမည်ကို စိုးရိမ်ကြသည်။ ထို့အတွက် ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများသည် ကျန်းမာရေးနှင့် သင့်လျော်သည့် သန့်ရှင်းမှု၊ သိုလှောင်ထုပ်ပိုးမှုများရှိသည့် စားသောက်ကုန်များဖြစ်လာစေရန် ပြောင်းလဲကြိုးပမ်းလာရသည်။**

“ယခုလိုဆောင်းတွင်းခါဆို ရာသီဥတုအေးအေးလေးနဲ့ မနက်စာ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်မီးကင်၊ ငါးပိကင်လေးနဲ့ ထမင်းပူပူ၊ ဒါတွေဟာ ခံတွင်းတွေ့တဲ့ အစားအစာတွေပါ။ အငန်ကဲတဲ့ ငါးပိငါးခြောက်မျိုး၊ ယင်မနားဆေးတို့ယမ်းစိမ်းတို့လို ဆေးဝါးတွေ သုံးတာမျိုး၊ ထုတ်လုပ်ရောင်းချမှု မသန့်တာမျိုးကို ကြောက်ကြလို့ ငါးပိငါးခြောက် ရှောင်တဲ့သူတွေလည်း ရှိလာတယ်။ ဒါပေမယ့် မြန်မာ့ဟင်းလျာတွေနဲ့ ကင်းလို့မရတော့ သန့်ရှင်းမှုရှိတဲ့၊ ဆေးမသုံးတဲ့၊ ကျန်းမာရေးအတွက် အခြေခံထား ထုတ်လုပ်တဲ့ ငါးပိငါးခြောက်တံဆိပ်တွေကို ရွေးချယ်စားသုံးကြတာများတယ်”ဟု ရန်ကုန်မြို့မှ ဒေါ်မြမြဝင်းက ပြောသည်။

**ငါးပိငါးခြောက်လုပ်ငန်းများ ကျန်းမာရေးနှင့် သင့်လျော်စေရန်**

မြန်မာနိုင်ငံသည် မြစ်ချောင်း အင်းအိုင်ပေါများပြီး ယင်းတို့မှထွက်ရှိသည့် ငါးကို အခြေခံထုတ်လုပ်ထားသည့် ငါးပိငါးခြောက်များသည် လူတန်းစားမရွေးစားသုံးသည့် စားသောက်ကုန်ဖြစ်သည်။ ထို့အတွက် စားသုံးမှုများသည့် ငါးပိငါးခြောက်လုပ်ငန်းများကို ကျန်းမာရေးနှင့် သင့်လျော်သည့် လုပ်ငန်းခွင်သန့်ရှင်းမှု၊ သိုလှောင်ထုပ်ပိုးမှု၊ ဖြန့်ဖြူးမှုရှိသည့် စားသောက်ကုန်များ ဖြစ်လာစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အသိပညာပေးခြင်း၊ နည်းပညာပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လာကြသည်။

ငါးပိငါးခြောက် ထုတ်လုပ်မှုများသည့် ပဲခူးတိုင်းဒေသကြီးအတွင်း၌လည်း ငါးပိ ငါးခြောက်လုပ်ငန်းများကို သန့်ရှင်းသောလုပ်ငန်းခွင်၊ သန့်ရှင်းသော သိုလှောင်ထုပ်ပိုး ဖြန့်ဖြူးမှုရှိသည့် လုပ်ငန်းများဖြစ်လာစေရန် စားသုံးသူရေးရာဦးစီးဌာနက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

“ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ငါးပိငါးခြောက်လုပ်တဲ့ လုပ်ငန်းတွေက ၁၅၇ ဦးခန့် ရှိပါတယ်။ တိုင်းဒေသကြီးအတွင်းက အင်းအိုင်မြစ်ချောင်းတွေကထွက်တဲ့ ရေထွက်ကုန်ကို အခြေခံပြီး စားဝတ်နေရေးအတွက် အသက်မွေးကြတယ်။ တစ်နိုင်တစ်ပိုင် မိရိုးဖလာလုပ်ငန်းတွေလည်းရှိတယ်။ ဒီလုပ်ငန်းကို အခြေခံပြီး တိုးတက်လာတဲ့ လုပ်ငန်းတွေလည်း များလာပြီ။ ဒီလုပ်ငန်းတွေတိုးတက်အောင် ထောက်ပံ့ပေးတာဟာ ဒေသစီးပွားကို အထောက်အပံ့ပေးတာပါပဲ။ လုပ်ငန်းတိုးတက်ဖို့အတွက် ကူညီထောက်ပံ့ပေးတဲ့အခါ ထုတ်လုပ်ရောင်းချတဲ့သူတွေ၊ စားသုံးသူတွေ အဆင်ပြေစေဖို့ ဆောင်ရွက်ပေးရပါတယ်။ ဒီအတွက် အသိပညာပေးတာ၊ နည်းပညာပေးတာတွေကို သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်”ဟု ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာဆွေက ပြောသည်။

**“တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းမှ ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှုလုပ်ငန်းများကို ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပသို့ ပို့မိုတင်ပို့နိုင်ရေးအတွက် ကူညီထောက်ပံ့ ဆောင်ရွက်လျက်ရှိသည့်အပြင် မိရိုးဖလာ စားသုံးမှုပုံစံများဖြစ်သည့် ငါးပုစွန်အစို၊ ငါးပိငါးခြောက်၊ ငါးဆားနယ် စသည်တို့ သာမကငါးအသားလွှာ၊ ငါးအသားချောင်း၊ ငါးဆုပ်လုံး အစရှိသည့် အသင့်ချက် ငါးပုစွန်ကုန်ချောများကို ထုတ်လုပ်ပြီး ငါးလုပ်ငန်းကဏ္ဍကို မြင့်မားအောင် မြှင့်တင်သွားရန် စီမံဆောင်ရွက်လျက်ရှိသည်”**

**နည်းပညာပေးသင်တန်းများဖွင့်လှစ်**

တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ဆောင်ရွက်ခဲ့သည့်အပြင် လုပ်ငန်းများ ထုပ်ပိုးစနစ် တိုးတက်စေရေးအတွက်လည်း နည်းပညာပေးသင်တန်းများဖြင့် ကူညီဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ပျဉ်ပုံကြီးကျေးရွာ မိုးယွန်းကြီး ငါးရံ့ခြောက်ရောင်းဝယ်ရေးမှ ဦးတင်ကိုလှိုင်က “ကျွန်တော်တို့ ပျဉ်ပုံကြီးရွာငါးရံ့ခြောက်ကို စားသုံးသူတွေ အကြိုက်တွေ့ကြပါတယ်။ ဆားပေါ့တော့ ကျန်းမာရေးအတွက် သင့်လျော်ပါတယ်။ ပြီးတော့ စားသုံးသူတွေကြောက်တဲ့ ဆေးဝါးတွေကိုလည်း မသုံးစွဲပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း မိုးယွန်းကြီး အမှတ်တံဆိပ်နဲ့ ငါးပိငါးခြောက်တွေ ထုတ်လုပ်ရောင်းချပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်တဲ့ ငါးရံ့ခြောက်၊ အသင့်စားငါးရံ့ခြောက်က လူကြိုက်များတယ်။ ဒီလို လူကြိုက်များအောင်လည်း အရည်အသွေးကို ထိန်းသိမ်းထားပါတယ်။ ငါးရံ့ခြောက်က သဘာဝရေချိုငါးရံ့ကို အသုံးပြုရတာပါ။ နေရောင်ရဲ့ အပူချိန်နဲ့ သုံးရက်လှန်း၊ လေးရက်လှန်း သေချာလှန်းတာဖြစ်တဲ့အတွက် ခြောက်သွေ့တယ်။ ပိုးမွှားကင်းတယ်။ သန့်ရှင်းတယ်။ ဆေးဝါးလွတ်တယ်။ စားသုံးသူရေးရာဦးစီးဌာနက ဖွင့်လှစ်တဲ့ သင်တန်းကနေ လိုအပ်တဲ့ အသိပညာ၊ နည်းပညာတွေလည်း ရပါတယ်”ဟု ပြောသည်။



မိုးယွန်းကြီး ငါးရံ့ခြောက်လုပ်ငန်းမှ ထုတ်လုပ်ထားသော စားသောက်ကုန်များ။

ငါးရံ့ခြောက်ပြုလုပ်သည့် ငါးရံ့များကို ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်များရှိ ရေချိုအင်းအိုင်များမှ အများဆုံး ရရှိလျက်ရှိပြီး အကောင် အကြီး၊ အသေးပေါ်မူတည်၍ ငါးရံ့အစို တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ မှ ၁၈၀၀၀ အထိ ဈေးဖြင့် ဝယ်ယူရပြီး ငါးအစိုတစ်ပိဿာကို ခွဲခြမ်းပြီး နေလှန်းပါက ငါးခြောက် ၂၅ ကျပ်သားမှ ၃၀ သားခန့် ထွက်ရှိကြောင်း သိရသည်။

ငါးရံ့ခြောက်ထုတ်လုပ်သူများအနေဖြင့် ငါးရံ့အစိုတစ်ပိဿာကို အခြောက်ပြုလုပ်ရာတွင် ခန့်မှန်းကျပ် ၃၀၀၀၀ ခန့်ကုန်ကျပြီး ငါးရံ့ခြောက်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၆၀၀၀၀ အထိ ဈေးရရှိကြောင်း၊ ပဲခူးဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ လှိုင်ကော် စသည့်ဒေသများသို့ အများဆုံး ပို့ဆောင်ရောင်းချကြောင်း သိရသည်။

**ပဲခူးတိုင်းဒေသကြီး ထုတ်ကုန်များ အရောင်းစင်တာ**

တိုင်းဒေသကြီးအတွင်း ထွက်ရှိသည့် ငါးပိငါးခြောက် အပါအဝင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ လူသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်ရန်နှင့် ပြည်တွင်း ပြည်ပဈေးကွက်ပိုမိုရရှိရန်ရည်ရွယ်၍ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး ထုတ်ကုန်များ အရောင်းစင်တာကို ပဲခူးမြို့နှင့် ပြည်မြို့တို့တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။





ငါးခြောက်လုပ်ငန်းတစ်ခု၌ ငါးရံ့ခြောက်နှင့် အခြားငါးခြောက်များ နေလှန်းထားစဉ်။

**စာမျက်နှာ ၁၇ သို့**



## အိမ်မဲမြို့နယ် သာသနာ့ဗိမာန်တော်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ပြီး၍ အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**အိမ်မဲ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် သာသနာ့ဗိမာန်တော်ကြီး ဘက်စုံမွမ်းမံပြင်ဆင် ပြီးမြောက်မှု အလှူတော်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါဗိမာန်တော်ကြီး၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားပြီး သာသနာ့ဗိမာန်တော်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးထိန်ဝင်းက မုဒိတာစကားပြောကြားကာ သာသနာ့ဗိမာန်တော်ကြီး၏ အလှူငွေ ရရှိသုံးစွဲမှုအခြေအနေများကို ဘက်စုံမွမ်းမံပြင်ဆင်ရေးအဖွဲ့ ဒုဥက္ကဋ္ဌ ဦးသိန်းအောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ကြွရောက်လာသော ဆရာတော်များအား လှူဒါန်းဖွယ်ရာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ဘဒ္ဒန္တမဟိန္ဒက ဩဝါဒကထာ... 

ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ဘဒ္ဒန္တမဟိန္ဒက ဉ္ဖော့ပရိသတ်များအား သီလချီးမြှင့်သည်။

ချစ်သက်လယ် (ပြန်/ဆက်)

## သထုံမြို့ သုဝဏ္ဏဘူမိ ဘိုးဘွားရိပ်သာ ရာပြည့်ပွဲတော်အခမ်းအနားကျင်းပ

**သထုံ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့ရှိ သုဝဏ္ဏဘူမိဘိုးဘွားရိပ်သာ တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရာပြည့်ပွဲတော် အခမ်းအနားကို နန်းခဲရပ်ကွက် မြသပိတ်တောင်ခြေရှိ သုဝဏ္ဏဘူမိဘိုးဘွားရိပ်သာ၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သုဝဏ္ဏဘူမိဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆရာတော်သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းကြသည်။

ရာပြည့်ပွဲတော်တွင် မွန်ပြည်နယ်အတွင်းရှိ ဘိုးဘွားရိပ်သာများမှ ဘိုးဘွားများအား ဖိတ်ကြားကာ ပျော်ရွှင်စရာ အစီအစဉ်များ ပြုလုပ်ပေးခြင်း၊ ကံစမ်းမဲ ဖောက်ပေးခြင်းနှင့် သထုံမြို့နယ်အတွင်းရှိ အလှူရှင်များက တစ်ဦးချင်းနှင့် အဖွဲ့အလိုက် စားသောက်ဖွယ်ရာ မျိုးစုံတို့ကို ဆိုင်ခန်းများ ဖွင့်လှစ်တည်ခင်းကာ မြို့လုံးကျွတ် နိဗ္ဗာန်ဈေး စတုဒိသာကျွေးခြင်းများဖြင့် ပွဲတော်ကို ဆင်နွှဲခဲ့ကြသည်။



ဘိုးဘွားရိပ်သာ နှစ်တစ်ရာပြည့်အခမ်းအနားသို့ လာရောက်ကြသော ပြည်သူများ။

သထုံမြို့ရှိ သုဝဏ္ဏဘူမိ ဘိုးဘွားရိပ်သာကို ၁၉၂၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဘွားဒေါ်ဦးဇွန်းက လိုအပ်သည့် အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း၊ ခိုကိုးရာမဲ့ဘိုးဘွားများအား လက်ခံပြုစုစောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် သုဝဏ္ဏဘူမိဘိုးဘွားရိပ်သာ၌ ဘိုးဘွား ၁၈ ဦးအား ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ၁၉၈၅ ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်း အတွင်းရှိ ဝိဇ္ဇာခန်းမ၌ ၁၉၈၅ ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ၁၉၈၅ ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အာစရိယပူဇော်ပွဲတွင် ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ခံပစ္စည်းများ ပေးအပ်ကန်တော့ကြပြီး ကန်တော့ခံ ဆရာကြီး ဆရာမကြီးများက ဆုံးမဩဝါဒစကား ပြောကြားကာ ကျောင်းသားဟောင်း ဦးသိန်းလွင်ဦးက ငွေစာရင်း ရှင်းတမ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါက်တာခင်ချစ်ချစ်က ရန်ကုန်တက္ကသိုလ်ရာပြည့် ၂၀၂၀ ပြည့်နှစ်မှစ၍ ကန်တော့ခဲ့သော အသက် ၇၅ နှစ်အထက် ဥပဒေပညာဌာနမှ ဆရာကြီး ဆရာမကြီးများအား ကန်တော့ငွေနှင့် ငွေစာရင်းရှင်းတမ်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ကျေးဇူးတင်စကား ပြောကြားသည်။

အောင်မြင့်(ပြန်/ဆက်)



*စာမျက်နှာ ၁၆ မှ*

အဆိုပါစင်တာတွင် ပါဝင်ရောင်းချလျက်ရှိသည့် ရှင်မ ငါးပိ၊ ငံပြာရည် လုပ်ငန်းမှ ဦးသူရဝင်းက "ကျွန်တော်တို့ ငါးပိလုပ်ငန်းမှာ ကျွန်တော်တို့ဒေသဆည်မြောင်းအင်းအိုင်တွေက ထွက်တဲ့ ရေထွက်ကုန်ကိုပဲ အဓိကထားထုတ်လုပ်ပါတယ်။ ဒီလိုမျိုး ဒေသထွက်ကုန်စင်တာမှာ ပါဝင်ခင်းကျင်းပြသရောင်းချနိုင်ခြင်းဟာ ကျွန်တော်တို့လို လုပ်ငန်းရှင်များအတွက် အကျိုးကျေးဇူးများစွာ ရရှိတဲ့အတွက် အခြားလုပ်ငန်းရှင်တွေကိုလည်း ဖိတ်ခေါ်ချင်ပါတယ်။ ဒီလိုမျိုး MSMEs အရောင်းစင်တာတွေကတစ်ဆင့် ကျွန်တော်တို့ ကုန်ပစ္စည်းရဲ့ဈေးကွက်ကိုလည်း ချဲ့ထွင်နိုင်မှာဖြစ်ပြီး တစ်ဖက်တစ်လမ်းကလည်း အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်ရရှိအောင် ကူညီဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

### ငါးလုပ်ငန်းကဏ္ဍမြှင့်တင်ရန်

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းမှ ရေချိုရေငန် ငါးပုစွန်ထုတ်လုပ်မှု လုပ်ငန်းများကို ပြည်တွင်းစားသုံးမှု အတွက်သာမက ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ကူညီထောက်ပံ့ ဆောင်ရွက်လျက်ရှိသည့်အပြင် မိရိုးဖလာ စားသုံးမှုပုံစံများဖြစ်သည့် ငါးပုစွန်အစို၊ ငါးပိငါးခြောက်၊ ငါးဆားနယ် စသည်တို့သာမက ငါးအသားလွှာ၊ ငါးအသားချောင်း၊ ငါးဆုပ်လုံး အစရှိသည့် အသင့်ချက် ငါးပုစွန်ကုန်ချောများကို ထုတ်လုပ်ပြီး ငါးလုပ်ငန်းကဏ္ဍကို မြင့်မားအောင် မြှင့်တင်သွားရန် စီမံဆောင်ရွက်လျက်ရှိသည်။

မိုးယွန်းကြီး ငါးရံ့ခြောက်ရောင်းဝယ်ရေးမှ ဦးတင်ကိုလှိုင်က "ငါးပိငါးခြောက်လုပ်ငန်းဆိုပေမယ့် အရင်းအနှီးက များပါတယ်။ ငါးရံ့ခြောက်ဆိုရေချိုငါးရံ့ ပေါတဲ့အချိန် ဝယ်ထား၊ လှန်းထား၊ စနစ်တကျ သိမ်းထားပြီးမှ အဝယ်လိုက် ထုတ်ရောင်းရတာပါ၊ ဒီအပေါ်မှာ ကုန်ဝယ်တဲ့ အရင်းအနှီး၊ လှန်းထားသိမ်းထားနိုင်ဖို့ ငွေကြေးကို အဆင့်ဆင့်သုံးရပါတယ်။ ကုန်ပေါချိန်မှာ သိမ်းထားမှလည်း ငါးဈေးနဲ့ သင့်လျော်တဲ့ ငါးခြောက်ဈေးကို ရောင်းနိုင်မှာပါ။ ဒီအတွက် သုံးရတဲ့အရင်းအနှီးက များပါတယ်။ အခုနောက်ပိုင်းမှာ ကျန်းမာရေးနဲ့သင့်လျော်တဲ့ ထုတ်လုပ်သိမ်းဆည်းပုံ အဆင့်ဆင့်ကိုတော့ သိလာကြတယ်။ လုပ်လာကြတယ်။ နိုင်ငံတော်က ချေးငွေလည်းပေးနေတယ်လို့ သိရပါတယ်။ ငါးပိငါးခြောက်လုပ်ငန်းက ရေထွက်ကုန်ထွက်တဲ့ နေရာဒေသတွေမှာ လုပ်ကိုင်မှုများတဲ့ ဒေသစီးပွားဖြစ်တဲ့အတွက် တိုးတက်အောင် အထောက်အပံ့တွေ ဆက်ပြီးတော့လည်း ပေးစေချင်ပါတယ်"ဟု ပြောသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအလိုက် စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကိုဗစ်-၁၉ ရန်ပုံငွေမှတစ်ဆင့် ကူညီထောက်ပံ့ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်းရှင် ၁၇ ဦးအား ငွေကျပ်သိန်း ၂၉၁၀ ကို ထုတ်ချေးထားကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

### ပြည်တွင်း ပြည်ပသို့ တင်ပို့လျက်ရှိ

ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်သည့် ရေထွက်ပစ္စည်းများသည် တိုင်းဒေသကြီးအတွင်းမှ ငါးထုတ်လုပ်မှုအပေါ်တွင် ၈၀ ရာခိုင်နှုန်း အခြေခံထုတ်လုပ်ကြောင်းသိရပြီး တိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငါးမွေးမြူသူ ၅၈၂၆ ဦး၊ ငါးမွေးကန်ဧက ၃၁၁၉၈ ဒသမ ၂၆၇ ဧက ရှိကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲခူးတိုင်းဒေသကြီးမှ မွေးမြူထွက်ရှိသည့်ငါးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေပိတောက်ငါးဈေး၊ ကြည့်မြင်တိုင်ငါးဈေးများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြည်ပတင်ပို့မှုအနေဖြင့် EU နိုင်ငံများနှင့် အခြားနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ညောင်လေးပင်မြို့မ ဒေါ်ဝင်း ငါးပိရည်ကျိုအနှစ်ခြောက်လုပ်ငန်းမှ ဒေါ်မိုးမိုးဦးက "အသင့်စား ငါးပိရည်ကျိုအနှစ်ခြောက်လုပ်ငန်းကို လက်ရှိမှာ လုပ်သားငါးဦးခန့်နဲ့ လုပ်ကိုင်နေပါတယ်။ လုပ်ငန်းကို စတင်တာတော့ သုံးနှစ်လောက်ရှိပါပြီ။ ကျွန်မတို့ ထုတ်ကုန်ကို ပဲခူးတိုင်းဒေသကြီး ထုတ်ကုန်များ အရောင်းစင်တာမှာလည်း ခင်းကျင်းရောင်းချနေပါတယ်။ ပြည်တွင်းသာမကပါဘူး။ ပြည်ပကိုလည်း ပို့ရပါတယ်။ ကျွန်မတို့ဒေသမှာ ဒီလိုတစ်ပိုင်တစ်နိုင် ထုတ်ကုန်တွေ တွင်ကျယ်လာဖို့ အားပေးတယ်။ ထုတ်လုပ်တဲ့ ထုတ်ကုန်တွေကို အရောင်းစင်တာမှာလည်း တင်ရောင်းလို့ရတော့ ဈေးကွက်အခွင့်အလမ်းရတယ်"ဟု ပြောသည်။

နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု တိုးတက်ရေးသည် အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့်လည်း တိုက်ရိုက်ဆက်နွယ်နေသည်။ အကြောင်းမှာ နိုင်ငံအတွင်းမှ အခြေခံပြည်သူများသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့်အတွက်ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးအတွင်း ရေလုပ်ငန်းများမှထွက်ရှိသည့် ငါးပိငါးခြောက် ရေထွက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများက ဒေသစီးပွားကို အထောက်အပံ့ပြုလျက်ရှိသကဲ့သို့ ဆက်၍လည်း ပိုမို တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းကြံဆောင်သွားရမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ ဝါကျအချင်းချင်းကိုဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့ Conjunctions တွေအကြောင်းဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Why should we hire you? – III မင်းကိုဘာကြောင့် အလုပ်ခန့်သင့်လဲဆိုတဲ့အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာ ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ (Idiom) စကားလုံးအသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ Grammar အပိုင်းမှာလည်း Conjunctions တွေအကြောင်း ပြည့်ပြည့်စုံစုံလေး ဆက်လက်ရေးသားဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**Conjunctions (စကားဆက်)**

Conjunctions တွေဟာ စကားလုံးတွေကိုဖြစ်စေ၊ စကားစုတွေကို ဖြစ်စေ၊ ဝါကျပိုင်းတွေကို ဖြစ်စေ၊ ပုဒ်အချင်းချင်းကို ဖြစ်စေ၊ အဓိပ္ပာယ် အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့နေရာ မှာသုံးတဲ့စကားဆက်တွေပဲဖြစ်ပါတယ်။ စကားဆက်တွေဟာ များသောအားဖြင့် ဝါကျတိုနှစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းထက်ပိုတဲ့ ဝါကျတွေကို တစ်ကြောင်းထဲပေါင်းပြီး ပိုပြီးအဓိပ္ပာယ်ပြည့်စုံအောင် ဆက်ပေးတဲ့စကားလုံးတွေပဲ ဖြစ်ပါတယ်။ ဒီတစ်ပတ်ရဲ့ Grammar အပိုင်းမှာလည်း အရင်အပတ်က ဖော်ပြခဲ့တဲ့ Conjunctions တွေအကြောင်း ဆက်လက် ရေးသားဖော်ပြပေးသွားမှာဖြစ်ပါတယ်။ အရင်အပတ်က Alternative Conjunctionsတွေအထိ ရေးသားဖော်ပြီးဖြစ်ပါတယ်။

**4. Illative conjunctions (အကြောင်းအကျိုးပြစကားဆက်များ သို့မဟုတ် ဆင်ခြင်မှုပြစကားဆက်များ)**

Illative conjunction is a word that is used for joining two phrases where the first phrase refers to the second phrase. (Illative conjunctions များသည် အကြောင်းအကျိုးပြစကားဆက်များ အဖြစ် စကားစု သို့မဟုတ် ဝါကျပိုင်းတစ်ခုနဲ့တစ်ခုကို ဆက်ပေးပါတယ်။)

Illative conjunctions များကို ဥပမာအနေဖြင့် ထုတ်နုတ်ဖော်ပြရမည် ဆိုလျှင် –

- For
- So
- Therefore
- Because

**For**

- He cannot come to school, for he is ill.
- He doesn't want to buy any chemical medicine, for they are very expensive and unhealthy.
- He's overweight, for he eats too many cakes and biscuits.

**So**

- It's time to study our lessons, so let us start.
- I got here late. It was a long journey, so I'm really tired now.
- It's much cheaper with that airline, isn't it, so I'll get all the tickets for us with them.

**Therefore**

- Sue reads a newspaper every day, therefore she knows everything
- James didn't do his homework; therefore, he was punished by the teacher.
- It has been raining since last night, therefore I plan on skipping work.

**Because**

- We must work hard because no one succeeds without hard work.
- I'm very tired because I'm standing on my feet all day.
- She was absent from school because she was sick.

ဒီတစ်ခါ Subordinating Conjunctions တွေအကြောင်း ဆက်လက် ဖော်ပြသွားပါမယ်။

**Subordinating Conjunctions (မှီခို သို့မဟုတ် လက်အောက်ခံ စကားဆက်များ)**

A subordinate conjunction joins a clause to another on which it depends for its full meaning. There are eight kinds of subordinating conjunctions.

(မှီခိုဝါကျ သို့မဟုတ် မှီခိုစကားဆက်တစ်ခုသည် တခြားဝါကျပိုင်း သို့မဟုတ် အဓိကဝါကျပိုင်းအပေါ် အဓိပ္ပာယ်အားဖြင့် မှီခိုလျက်ရှိသည်။ မှီခိုစကားဆက် သို့မဟုတ် လက်အောက်ခံစကားဆက် ရှစ်ခုရှိသည်။) ၎င်းတို့မှာ –

(1) Those denoting time (အချိန်ပြစကားဆက်များ)
(2) Those denoting reason (အကြောင်းပြစကားဆက်များ)
(3) Those denoting purpose (ရည်ရွယ်ချက်ပြစကားဆက်များ)
(4) Those denoting result or consequence (အကျိုးရလဒ်ပြစကားဆက်များ)
(5) Those denoting condition (အခြေအနေပြစကားဆက်များ)
(6) Those denoting concession (လျှော့ပေါ့မှုပြစကားဆက်များ)
(7) Those denoting comparison (နှိုင်းယှဉ်မှုပြစကားဆက်များ)
(8) Those denoting extent or manner (အမူအရာ၊ အတိုင်းအတာပြစကားများ)

**1. Those denoting time (အချိန်ပြစကားဆက်များ)**

အချိန်ပြစကားဆက်များအဖြစ် တချို့တစ်ဝက်ကို ဥပမာဖော်ပြရပါက–

- as
- till
- while
- before
- as soon as, etc.

**As**

- She left (Main Clause) as the clock struck four. (Subordinate Clause)
- The clients shall wait **till** our boss returns.
- My mom is cooking in the kitchen **while** my dad is working in the garden.
- Thomas was here **before** his friends arrived.
- They were cheerful **after** they had heard the good news.
- We shall set off **as soon as** he is ready.

## VOCABULARY (Idiom)

1. **to cook one's goose** (တစ်စုံတစ်ဦး၏မျှော်လင့်ချက် သို့မဟုတ် အကြံကို ဖျက်ဆီးသည်။ အပိုင်ချည်ပြီးတုပ်ပြီး လုပ်သည်။)
   Just tell her we can't—that's **cook her goose.**
   When the police found his fingerprints, he knew his **goose was cooked.** (ie knew that he would be caught).
2. **to have green eyes** (မနာလိုစိတ်ရှိသော၊ မနာလိုသော)
   She was **green-eyed** with envy when she saw her friend's new car.
3. **a greenhorn** (အတွေ့အကြုံမရှိသူ)
   I'm not a seasoned veteran, but I'm no **greenhorn** either.
4. **not turn a hair** (မတုန်လှုပ်)
   The prisoner listened to his sentence **without turning a hair.**
5. **happy-go-lucy** (ဖြစ်လိုရာဖြစ်စေသဘောထားတတ်သော)
   He's a **happy-go-lucky** sort of guy.
   She has a **happy-go-lucky** attitude towards life.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "why should we hire you?"–III

ဒီတစ်ပတ်မှာတော့ "Why should we hire you?"–III မင်းကို ဘာကြောင့်အလုပ်ခန့်သင့်လဲဆိုတဲ့ အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Why should we hire you?"–III ဆိုပြီးဖော်ပြလိုက်ပါတယ်။

**Conversation**

**Marcus talked to Maggie about a job he's got an interview tomorrow.**

**In an interview**

**Julia (interviewer):** Good morning, Marcus. I am Julia.

**Marcus:** Good morning! Nice to meet you.

**Julia:** I am the Finance Department Manager. As you know, there is an open position in our team as a financial accountant and I need to fill this position as soon as possible. This is an entry-level position, so we do not require a lot of experience. We are going to train the new person.

**Marcus:** That sounds great!

**Julia:** Can you tell me a little bit about yourself?

**Marcus:** I have a degree in Finance and I am fluent in English and Spanish. I work as a part-timer in college for a start-up agency. I translated financial documents for them.

**Julia:** How long did you work for them?

**Marcus:** About two years.

**Julia:** What are your strengths? Why should we hire you?

**Marcus:** Being a fresher, I think I am very flexible and adaptive to learning new things. I'm a hard-working person and a fast learner and I get along fine with people. I'm highly organized and respectful.

**Julia:** Do you mind working long hours?

**Marcus:** No, I don't.

**Julia:** Can you handle pressure?

**Marcus:** Yes, I can. In college I took quite a few courses each semester while working at least twenty hours every week. I handled that situation pretty well.

**Julia:** You sound really confident; it has been nice talking to you. We'll get back to you in a few days if you get selected for the job.

**Marcus:** Thank you. It has been a great pleasure coming here and talking to you.

**Language Focus**

entry-level position
အခြေခံအဆင့်ရာထူး (များသောအားဖြင့် အခုမှ ဘွဲ့ရကာစ အလုပ်သင်များအတွက် ပေးအပ်လေ့ရှိသော အလုပ်ရာထူးတစ်ခု)

get along fine with people
လူများနှင့်လိုက်လျောညီထွေစွာနေသည်၊ အဆင်ပြေပြေနေသည်။

I am fluent in English and Spanish
ကျွမ်းကျင်သည်။ အင်္ဂလိပ်နှင့် စပိန်ကျွမ်းကျင်သည်။

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။




# မိုင်းဖုန်း ဆရာတော်ဘုရားကြီး၏ သက်တော် ၆၀ ပြည့် ဝိဇာတမွေးနေ့ကို လွှန်းလိုန်သာသနာ့နယ်မြေတွင် ငါးရက်ကြာ ကျင်းပပြုလုပ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၅

မိုင်းဖုန်းဆရာတော် ဘုရားကြီး၏ သက်တော် ၆၀ ပြည့် ဝိဇာတ မွေးနေ့ကို လွှန်းလိုန်သာသနာ့ နယ်မြေ၌ ငါးရက်ကြာ ကျင်းပ ပြုလုပ်မည်ဖြစ်ကြောင်း တောင်တန်း သာသနာပြုဆရာတော် ဦးသုခမိန္ဒက မိန့်ကြားသည်။ သက်တော် ၆၀ နှစ်ပြည့်အဖြစ် ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့ မင်္ဂလာအား ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဖုန်း (က)ကျေးရွာအုပ်စု ပါဆာရွာရှိ လွှန်းလိုန် သာသနာ့မြေတွင် လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ခါတိုင်းနှစ်လိုပဲ ဇန်နဝါရီ ၁ ရက်ကနေ ၅ ရက်အထိ ကျင်းပမယ်။ အလှူတစ်ခုအနေနဲ့လည်း ကျင်းပတာ ဖြစ်တယ်။ ဆရာတော်တရားဟောပလ္လင်မှာ တရားဟောမယ်။ သီးသန့်အဖူးအမြော် ခံဖို့တော့မရှိပါဘူး" ဟု ဆရာတော်က မိန့်ကြားသည်။

အခမ်းအနား အစီအစဉ်အရ ဇန်နဝါရီ ၁ ရက် မှ ၃ ရက်အထိ နံနက် ၄ နာရီတွင် လွှန်းလိုန်စေတီတော်၌ ဘုရားဝတ်တက်ပြီး ပန်းခြံအတွင်း ဆွမ်းတော်ဆက်ကပ်လှူဒါန်းခြင်း နံနက် ၉ နာရီတွင် ပူတာအို စေတီတော်အတွင်းသို့ ကျောက်တုံး၊ ကျောက်ခဲများ ထည့်လှူခြင်း၊ နံနက် ၁၁ နာရီနှင့် မွန်းလွဲ ၃ နာရီတို့တွင် ပန်းခြံတရားဟောစင်မြင့်၌ မိုင်းဖုန်းဆရာတော်တရားဟောခြင်း၊ ညနေ ၆ နာရီ နီးဘုရားကျောင်းတွင် မိုင်းဖုန်းဆရာတော်နှင့်အတူ ဘုရားဝတ်တက်ခြင်း ပြုလုပ်မည်ဖြစ်ကြောင်း အခမ်းအနားအစီအစဉ်အရ သိရသည်။

ထို့ပြင် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီတွင် လွှန်းလိုန်စေတီတော်တွင် ဘုရားဝတ်တက်ပြီး ပန်းခြံထဲတွင် ဆွမ်းတော်ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၁၁နာရီတွင် ဆရာတော် သက်တော် ၆၀ ပြည့်စေတီတော်အား ထီးတော်တင်လှူခြင်း၊ မွန်းလွဲ ၃ နာရီ ပန်းခြံတရားဟောစင်မြင့်တွင် မိုင်းဖုန်းဆရာတော်ဘုရားက တရားဟောခြင်း၊ ညနေ ၆ နာရီ နီးဘုရားကျောင်းတွင် မိုင်းဖုန်းဆရာတော်နှင့်အတူ ဘုရားဝတ်တက်ခြင်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဇန်နဝါရီ ၅ ရက် နံနက် ၄ နာရီတွင် လွှန်းလိုန်းစေတီတော်တွင် ဘုရားဝတ်တက်ပြီး ပန်းခြံထဲတွင် ဆွမ်းတော်ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၉ နာရီ နီးဘုရားကျောင်းတွင် မိုင်းဖုန်းဆရာတော်အား ကံဇာတာထပ်မင်္ဂလာပြုခြင်း၊ မွန်းလွဲ ၃ နာရီ ပန်းခြံတရားဟောစင်မှ မိုင်းဖုန်းဆရာတော်အား ဝေါယာဉ်ဖြင့် ရေသွန်းမဏ္ဍပ်သို့ ပင့်ဆောင်ခြင်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မိုင်းဖုန်းဆရာတော် ဘုရားအနေဖြင့် ၎င်း၏ မွေးနေ့ ဇန်နဝါရီ ၅ ရက်တွင် စကားမပြောဘဲ ဝဇီပိတ်နေထိုင် သီတင်းသုံးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီ၌ နီးဘုရားကျောင်း တွင် မိုင်းဖုန်းဆရာတော်အား လာရောက်ကန်တော့ခြင်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝိဇာတ မွေးနေ့မင်္ဂလာ သတ်မှတ်ရက်များ အတွင်း၌ ကန့်သတ်နေရာများတွင် ဈေးရောင်းချခြင်းများ မပြုလုပ်ရန်နှင့် ဈေးရောင်းချရန် နေရာများကို ဝမ့်မိုင်၊ လွှန်းစိုင်းရှိ ဗုဒ္ဓဂါယာ မဟာဗောဓိ စေတီဝင်းဘက်တွင် သတ်မှတ်ပေးထားကြောင်း အကျိုးတော်ဆောင်များက အသိပေးထားသည်။

**သစ်တော်**

# မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက အခြေခံမော်တာစက်ချုပ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) က ကြီးမှူး၍ အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၃၁) ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၉ ရက်အထိ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း လူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးသွားမည်ဖြစ်ပြီး အလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အထည်ချုပ်စက်ရုံများနှင့် နယ်ဝေးမှအလုပ်အကိုင်ရှာဖွေနေသူများ၊ အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားသူတို့အကြား ချိတ်ဆက်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းပြီးဆုံးပါက အထည်ချုပ်စက်ရုံများနှင့် ချိတ်ဆက်ကာ အလုပ်အကိုင်ရရှိရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည်ဖုန်း - ၀၉ ၉၄၀၈၅၈၃၅၀၊ ၀၉ ၄၅၀၇၂၃၂၆၂၊ ၀၉ ၇၈၄၀၈၅၇၉၄၊ ၀၉ ၉၆၉၈၆၅၀၂၄ တို့သို့ ဆက်သွယ်စာရင်းပေးတက်ရောက်နိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၅ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၀ ကျပ် | ၂၄၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၆၀ ကျပ် | ၂၆၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၆၀ ကျပ် | ၂၇၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၀ | ၁၇၆၀၀၀ |
| MTSH | ၂၈၀၀ | ၂၈၅၀ | ၁၂၉ | ၃၆၇၆၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၄၁ | ၃၁၉၈၀၀ |
| FPB | ၁၆၀၀ | ၁၆၅၀ | ၈၆၅ | ၁၃၈၄၀၅၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၃ | ၇၃၅၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၉၄၁ | ၁၈၅၈၅၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂၂၇ | ၁၀၆၇၅၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၃၆၈ | ၆၂၅၆၀၀ |

ညီညီ - စုစည်းသည်

# သတင်းအချက်အလက်များကို ခိုးယူသည့် အီးမေးလ်များနှင့်ပတ်သက်၍ MMCERT က သတိပေးချက်ထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မသမာသူများက သတင်းအချက်အလက်များကို ခိုးယူရန် ရည်ရွယ်၍ ပေးပို့နေသော အီးမေးလ်(Phishing Mail)များနှင့်ပတ်သက်၍ သတိပေးချက်တစ်ရပ်ကို မြန်မာနိုင်ငံ ကွန်ပျူတာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (MMCERT) က ဒီဇင်ဘာ ၁၁ ရက်က ထုတ်ပြန်ထားသည်။

အဆိုပါသတိပေးချက်တွင် မသမာသူများက သတင်းအချက်အလက်များကို ခိုးယူရန် ရည်ရွယ်၍ dopinformation@gov.mm.gov-org.com အီးမေးလ်လိပ်စာဖြင့် ဆွဲဆောင်မှုရှိသည့် အကြောင်းအရာများပါရှိသော အဖျက်အမှောင့် အီးမေးလ်များကို ပေးပို့လျက်ရှိကြောင်း၊ ယင်းအီးမေးလ်တွင် ပူးတွဲပါဝင်သော Microsoft Word ဖိုင်များကို ဖွင့်ကြည့်မိပါက Microsoft Office ၏ လုံခြုံရေးအားနည်းချက်ဖြစ်သော CVE 2022-30190 ကြောင့် myanmar-gov-mm.donwloaded.com၊ mmcert-org-mm.donwloaded.com နှင့် အခြားသော အဖျက်အမှောင့် ဝက်ဘ်ဆိုက်များမှ အဖျက်အမှောင့် ကုဒ်များပါသည့် HTML ဖိုင်များ သို့မဟုတ် RTF ဖိုင်များကို ထပ်မံ Download လုပ်ကာ Microsoft Windows Support Diagnostic Tool (MSDT) ၏ လုံခြုံရေးအားနည်းချက်ကို တိုက်ခိုက်ပြီး တိုက်ခိုက်ခံရသူ၏ ကွန်ပျူတာ တစ်ခုလုံးကို ထိန်းချုပ်၍ သတင်းအချက်အလက်များကို ခိုးယူခြင်း၊ ဖျက်ဆီးခြင်းနှင့် ဖွင့်ချခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားသည်။

အဆိုပါနည်းလမ်းဖြင့် တိုက်ခိုက်ခံရနိုင်ခြေရှိသော ကွန်ပျူတာ(Windows) များမှာ အပ်ဒိတ်ပြုလုပ်ထားခြင်းမရှိသော Windows Server 2022/ 2019/ 2016/ 2012 & 2012 R2/ 2008 R2၊ Windows 11/10/8.1 နှင့် Windows 7 Service Pack 1 တို့ ဖြစ်ကြောင်း သိရသည်။

မိုက်ခရိုဆော့ဖ်အနေဖြင့် CVE 2022-30190 (Microsoft Windows Support Diagnostic Tool (MSDT) Remote Code Execution Vulnerability) ၏ လုံခြုံရေးအားနည်းချက်ကို ပြင်ဆင်နိုင်သည့် အပ်ဒိတ်ဖိုင်ကို ၂၀၂၂ ခုနှစ် ဇွန်လကတည်းကပင် ဖြန့်ချိထုတ်ဝေပြီးဖြစ်ရာ Microsoft Windows နှင့် Microsoft Office ကို အသုံးပြုသူများအနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုခံရခြင်းမှ ကာကွယ်နိုင်ရန်အတွက် အဆိုပါ Operating System များနှင့် ဆော့ဖ်ဝဲများကို အမြဲ အပ်ဒိတ်ပြုလုပ်ရန်နှင့် Antivirus ဆော့ဖ်ဝဲများကို နောက်ဆုံးအခြေအနေအထိ အပ်ဒိတ်ပြုလုပ်ကြရန် မြန်မာနိုင်ငံ ကွန်ပျူတာ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့က သတိပေးနှိုးဆော်ထားသည်။

**ကိုစိုး**

# ITPEC စာမေးပွဲ အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ယခုနှစ် အောက်တိုဘာ ၂၂ ရက်က ကျင်းပစစ်ဆေးခဲ့သည့် ခုနစ်နိုင်ငံအသိအမှတ်ပြု ITPEC စာမေးပွဲတွင် အောင်မြင်သူများအား အောင်လက်မှတ်ချီးမြှင့်ပေးအပ်ပွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ရန်ကုန်မြို့ MICT Park, Conference Hall ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ အောင်လက်မှတ်ပေးအပ်ပွဲသို့ တက်ရောက်မည့် အောင်မြင်သူများသည် Google form ဝက်ဘ်ဆိုက်ဖြစ်သော https://docs.google.com/forms/d/e/ 1FAIp QLSc6-dG2Ns_cS1QDFJO gxgo 8WGXD 712CxiLh EtBZu8YYht2pjw/viewform?pli=1 သို့ ဝင်ရောက်ပြီး အခမ်းအနား တက်ရောက်ရန် မှတ်ပုံတင်ခြင်းကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ပြုလုပ်ရမည်ဖြစ်ကာ သင်တန်းကျောင်းများမှ အောင်မြင်သူများအနေဖြင့် မိမိတို့သက်ဆိုင်ရာ သင်တန်းကျောင်းများမှတစ်ဆင့် တက်ရောက်ရန် သတင်းပေးပို့ရမည်ဖြစ်သည်။

အခမ်းအနားတွင် အောင်လက်မှတ် တက်ရောက်မယူဖြစ်သူများအနေဖြင့်မူ ဇန်နဝါရီ ၈ ရက်မှစတင်ပြီး MICT Park အဆောင် (၁၄) ရှိ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းရုံးခန်း ဖုန်း-၀၁-၉၃၃၉၂၂၀ သို့မဟုတ် သက်ဆိုင်ရာသင်တန်းကျောင်းများတွင် လာရောက်ထုတ်ယူနိုင်ကြောင်း၊ အခြားပြည်နယ်/တိုင်းများမှ အောင်မြင်သူများအတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းများရှိ အသင်းရုံးများသို့ ဆက်သွယ်ပြီး အောင်လက်မှတ်များ ထုတ်ယူနိုင်ကြောင်း သိရသည်။

ITPEC စာမေးပွဲများကို မြန်မာနိုင်ငံအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ တစ်နှစ်လျှင် နှစ်ကြိမ် ဧပြီလနှင့် အောက်တိုဘာလတွင် ကျင်းပလျက်ရှိပြီး ဂျပန်နိုင်ငံအပါအဝင် နိုင်ငံခုနစ်ခုက အသိအမှတ်ပြုသည့် စာမေးပွဲဖြစ်သောကြောင့်စိတ်ဝင်တစား ဖြေဆိုသူများပြားသည့် စာမေးပွဲဖြစ်သည်။ အောက်တိုဘာလက စာမေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ကျင်းပခဲ့ရာ IT Passport စာမေးပွဲတွင် ၇၅၁ ဦး၊ FE စာမေးပွဲတွင် ၇၃၈ ဦးနှင့် AP စာမေးပွဲတွင် ငါးဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ကိုစိုး**



အောက်တိုဘာလကကျင်းပသည့် ITPEC စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနေသောလူငယ်များ။

# MPT က အပတ်စဉ် iPhone 15 ငါးလုံး မဲဖောက်ပေးမည့်အစီအစဉ် ပြုလုပ်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

MPT က နိုင်ငံတစ်ဝန်းရှိ သုံးစွဲသူများအတွက် တစ်ပတ်လျှင် iPhone 15 (128 GB) ငါးလုံးစီကို ခုနစ်ပတ်ဆက်တိုက် မဲဖောက်ပေးမည့် ဖုန်းငွေဖြည့်ကံစမ်းမဲအစီအစဉ်ကို ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီလကုန်အထိ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဖုန်းငွေဖြည့်ကံစမ်းမဲအစီအစဉ်တွင် MPT ၏ GSM/WCDMA ကြိုတင်ငွေဖြည့်ကတ်သုံးစွဲသူများ အားလုံးသည် မည်သည့်နည်းလမ်းဖြင့်မဆို (ဖုန်းဘေလ်လွှဲပြောင်း၍ ငွေဖြည့်ခြင်းမှအပ)အနည်းဆုံး ကျပ် ၁၀၀၀ ဖိုး ဖုန်းငွေဖြည့်ခြင်းဖြင့် ကံစမ်းမဲအစီအစဉ်တွင် ပါဝင်နိုင်မည့် လက်မှတ်များ ရရှိမည်ဖြစ်ပြီး လက်မှတ်အရေအတွက်သည် ဖုန်းငွေဖြည့်သွင်းသည့် ပမာဏအပေါ်မူတည်၍ ကွဲပြားမည်ဖြစ်ကြောင်း၊ လက်မှတ်အရေအတွက် များလေ ကံထူးရှင်ဖြစ်ရန်အခွင့်အရေး ပိုများလေဖြစ်ပြီး ဖုန်းငွေဖြည့်သွင်းမှုများကို အကန့်အသတ်မရှိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဆုများကို အပတ်စဉ် သောကြာနေ့တိုင်းတွင် ရွေးချယ်မည်ဖြစ်ပြီး ကံထူးသူအားဖုန်းခေါ်ဆို၍ မဲပေါက်ကြောင်း အကြောင်းကြားမည်ဖြစ်ကာ သုံးကြိမ်ဖုန်းခေါ်ပြီးနောက် ဖြေကြားခြင်းမရှိပါက အခြားတစ်ဦးအား ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

## New Product



# Realme ရဲ့ တန်ဖိုးနည်းဖုန်းမော်ဒယ်သစ် V50 နဲ့ V50s

Realme ရဲ့ တန်ဖိုးနည်းဖုန်းမော်ဒယ်သစ်နှစ်မျိုးဖြစ်တဲ့ V50 နဲ့ V50s ကို တရုတ်နိုင်ငံမှာ ဒီဇင်ဘာ ၁၂ ရက်က စတင်မိတ်ဆက်ပြသခဲ့ပြီး သင့်တင့်တဲ့ဈေးနှုန်းနဲ့အတူ ကောင်းမွန်တဲ့ စွမ်းဆောင်ရည်ပိုင်းကြောင့် မြန်မာနိုင်ငံတွင်း ဈေးကွက်မှာပါ သုံးစွဲသူတွေရဲ့ ကြိုတင်စိတ်ဝင်စားမှုရရှိနေပါတယ်။ ဖုန်းမော်ဒယ်နှစ်မျိုးဟာ ဟာ့ဒ်ဝဲပိုင်းစွမ်းဆောင်ရည်အများစုတူညီကြပြီး အဓိကကွာခြားချက်က ဆော့ဖ်ဝဲပိုင်းဖြစ်တဲ့ carrier-locked နဲ့ unlocked ပိုင်းမှာသာ ကွာခြားတာ တွေ့ရပါတယ်။ တရုတ်နိုင်ငံအတွင်း လာမယ့်နှစ် ဧပြီလဝန်းကျင်မှာ စရောင်းနိုင်ခြေရှိတဲ့ V50s ဖုန်းရဲ့အသေးစိတ်အချက်တွေကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အရွယ်အစား | ၆ ဒသမ ၇၂ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD, 120Hz |
| Resolution | 1080 x 2400 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 13, Realme UI 4.0 |
| Chipset | Mediatek Dimensity 6100+ (6 nm) |
| CPU | Octa-core (Cortex-A76 & A55) |
| ပင်မကင်မရာ | 13 MP(wide) + 2 MP(depth) |
| ဆယ်လ်ဖီကင်မရာ | 8 MP(wide) |
| USB | USB Type-C 2.0 |
| ဘက်ထရီ | 5000 mAh |

ဈေးနှုန်းပိုင်းအနေနဲ့ လက်ရှိ တရုတ်နိုင်ငံမှာ ကြေညာထားတဲ့ ဈေးနှုန်းအရ carrier-locked ဖြစ်တဲ့ V50 က 6GB+128GB ဗားရှင်းအတွက် ကျပ် ၃၅၀၀၀၀ ဝန်းကျင်၊ 8GB+256GB ဗားရှင်းအတွက် ကျပ် ၄၁၀၀၀၀ ဝန်းကျင် ကျသင့်နိုင်ပြီး carrier-unlocked ဖြစ်တဲ့ V50s က 6GB+128GB ဗားရှင်းအတွက် ကျပ် ၄၄၀၀၀၀ ဝန်းကျင်၊ 8GB+256GB ဗားရှင်းအတွက် ကျပ် ၅၃၀၀၀၀ ဝန်းကျင် ကျသင့်နိုင်ပြီး အပြောင်းအလဲရှိနိုင်ပါတယ်။

**ကျော်ဇင်ဦး**

# ဆမ်ဆောင်း၏ PlayGalaxy ဂိမ်းပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

ဆမ်ဆောင်းမြန်မာက ကျင်းပသည့် #PlayGalaxy Mobile Legends ဂိမ်းပြိုင်ပွဲ၏ Grand final ပွဲစဉ်ကို ဒီဇင်ဘာ ၂၄ ရက်တွင် ကမ္ဘာအေးဘုရားလမ်းရှိ ဆမ်ဆောင်းဆိုင်ခွဲ(Anycall Kabaraye)၌ ကျင်းပခဲ့ပြီး ဖိုင်နယ်ပွဲတွင် Team Koby နှင့် Zino Esports အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး Zino Esports အသင်းက အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲသည် ပြိုင်ပွဲဝင်အသင်းပေါင်း ၅၃၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲကြီးဖြစ်ပြီး ဒီဇင်ဘာ ၁၀ ရက်မှစ၍ လက်ရည်စစ်ပြိုင်ပွဲများ ကျင်းပခဲ့ကာ ပြိုင်ပွဲတွင် ဆုကြေးများအနေဖြင့် ချန်ပီယံအသင်းသည် ကျပ် ၁၀ သိန်း ရရှိမည်ဖြစ်ကာ ဒုတိယဆု ကျပ် ခုနစ်သိန်း၊ တတိယဆု ကျပ်ငါးသိန်းနှင့် စတုတ္ထဆု ကျပ်သုံးသိန်း ရရှိမည်ဖြစ်သည်။

ဆမ်ဆောင်းအနေဖြင့် ယင်းပြိုင်ပွဲကြီးနှင့်အတူ ပြိုင်ပွဲကျင်းပသည့် ဆိုင်ခွဲတွင် ဗိုလ်လုပွဲကို လာရောက်အားပေးသော ပရိသတ်များအတွက် Fun Match ပွဲစဉ်ကိုလည်း ကျင်းပပေးခဲ့ပြီး အနိုင်ရရှိသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

## ခရမ်းမြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ခရမ်းမြို့ အထက(၁)၊ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အစဉ်အလာမပျက်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင်လည်း ဆရာကြီး ဆရာမကြီးများအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်၌ အိမ်တိုင်ရာရောက် ပူဇော်ကန်တော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဒီဇင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ ဦးအောင်လွင် ၀၉-၄၂၀၀၂၃၉၇၃၊ ကိုရဲဝင်းကျော် ၀၉-၇၈၅၆၁၇၃၃၈၊ ဦးမြင့်သက်ဦး ၀၉-၄၄၈၀၁၈၉၁၀၊ ကိုရဲမင်းဦး ၀၉-၉၆၆၉၀၁၄၀၀၊ ဦးသက်ထွန်းဦး ၀၉-၄၂၀၀၂၄၀၀၀၊ မမိုးသဇင် ၀၉-၇၂၉၉၀၇၇၉၊ ဦးရဲထွဋ်(ရန်ကုန်) ၀၉-၇၇၇၂-၀၉၉၀၄၊ ကိုဝေယံ(၂၀၀၁) ၀၉-၇၉၉၃၇၇၁၁၅၊ ဒေါ်ဖြူဖြူဝင်း ၀၉-၆၈၁၅၁၆၁၉၆၊ ကိုချစ်ပိုင်းနန်း ၀၉-၇၉၉၄၅၇၂၄၀၊ ဦးမိုးကျော်ခိုင်(၈၇) ၀၉-၆၉၂၃၄၈၅၅၆၊ ကိုပိုင်ပိုင်မျိုး(၂၀၀၂) ၀၉-၇၉၉၃၇၉၁၃၃၊ ဦးစန်းယု ၀၉-၄၅၀၀၄၆၀၇၄၊ ကိုချမ်းငြိမ်းလှိုင် ၀၉-၇၈၅၁၉၂၀၄၅၊ ကိုဇော်အောင်(၈၈) ၀၉-၄၂၅၃၀၄၄၄၃၊ ကိုဝေပိုင်(၂၀၀၃) ၀၉-၇၇၉၆၀၁၀၈၀၊ ကိုကျော်စိုးမိုး ၀၉-၉၇၁၅၂၀၂၀၆၊ ကိုလှိုင်ကျော်လင်း ၀၉-၇၈၁၁၂၉၁၀၉၊ ကိုနေဝင်းဦး ၀၉-၇၉၉၃၇၉၆၃၃၊ ကိုထက်အောင်ကျော်(၂၀၀၉) ၀၉-၄၂၀၀၂၃၉၄၉၊ မမွန်မွန်လင်း(၉၀) ၀၉-၄၂၀၁၉၂၂၃၅၊ ကိုသက်ကိုဦး ၀၉-၇၉၃၀၀၉၃၅၉၊ ကိုကိုဦး(ရန်ကုန်) ၀၉-၇၉၅၃၃၀၉၅၉၊ ကိုဟိန်းထက်ဇော်(၂၀၁၃) ၀၉-၇၈၆၆၅၃၃၅၅၊ မဇင်မာခိုင်(၉၂) ၀၉-၉၅၅၅၉၆၆၉၊ ကိုဇော်လင်း(ရန်ကုန်) ၀၉-၅၅၀၂၀၁၃၊ ကိုညီညီလှိုင် ၀၉-၅၀၅၁၉၀၅၊ ကိုလမင်း(ရန်ကုန်) ၀၉-၅၁၇၆၅၇၄၊ ကိုထားဝယ်(၉၆) ၀၉-၇၉၀၁၃၆၃၄၈၊ မမြင့်သက်ခိုင်(ရန်ကုန်) ၀၉-၅၁၆၃၁၀၉၊ မအေးအေးသိန်း(၉၇) ၀၉-၇၅၆၁၈၇၅၁၁၊ မယဉ်ယဉ်သန်း(ရန်ကုန်) ၀၉-၅၁၉၀၈၁၃၊ မဝါဝါလှိုင် ၀၉-၄၅၀၀၁၈၈၃၈၊ ကိုသန့်ဇော်မြ ၀၉-၅၁၉၄၈၂၁၊ ကိုထွန်းထွန်းနိုင် (၉၈) ၀၉-၉၅၀၄၄၅၄၄၅၊ ကိုဇော်မျိုးအောင် (နေပြည်တော်) ၀၉-၉၆၉၆၀၆၅၆၀၊ မဝင်းမင်းသန်း ၀၉-၄၄၄၇၇-၂၂၈၆၊ ကိုအောင်ကျော်ဇော ၀၉-၇၈၆၅၅၈၃၅၅၊ ကိုဖြိုးကြီး(၂၀၀၀) ၀၉-၇၉၉၃၇၇၃၉၉ နှင့် CB Bank Sp Acc – ၀၁၆၂၆၀၀၉၀၀၀၁၀၈၀၈၊ K Pay– ၀၉-၄၂၀၀၂၄၀၀၀ ဖော်ပြပါ ပူဇော်ပွဲကော်မတီဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

ယခင် (၉၀) ရက် အစား (၆၀) ရက်သို့လည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ပို့ကုန်တင်ပို့သူ၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက်ထည့်သွင်းရန် ပြင်ဆင်သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၄။ ဤအမိန့်ကြော်ငြာစာအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အရေးယူခြင်းခံရမည်။

(သန်းသန်းဆွေ)

ဥက္ကဋ္ဌ

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၉ ဦး တွေ့ရှိ

(၂၅-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၇-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၉၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါ ပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကျောက်တံခါးမြို့နယ် ဘာဘူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အသက် (၆)နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ လေးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၅

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်အချို့၌ အကြမ်းဖက်မှုကို လိုလားသူ လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများသွားလာရာ လမ်းတံတားများ၊ နေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်း၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။**

### အပြစ်မဲ့ပြည်သူလေးဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိ

ယနေ့တွင်လည်း PDF အမည်ခံ အကြမ်းဖက်သမားများက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဘာဘူကုန်းကျေးရွာအတွင်းသို့ ကျေးရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ အမြင့် မီတာ ၅၀၀ ခန့်မှနေ၍ Drop Bomb ဖြင့် နှစ်ကြိမ် ပစ်ချတိုက်ခိုက်ခဲ့ရာ ကျေးရွာအတွင်း Drop Bomb များ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါကျေးရွာနေ အပြစ်မဲ့ပြည်သူ အသက်(၆)နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ လေးဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

### လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အသက်(၆)နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ လေးဦးတို့အား ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ ထိုသို့ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာသောလုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လက်မခံနိုင်ဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျောက်တံခါးမြို့နယ်၊ ဘာဘူကုန်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ Drop Bomb ချခဲ့သည့်နေရာပြပုံ



## ဟိုပုံး၊ လွိုင်လင်နှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းခင်းများဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၅** ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ဒီဇင်ဘာ၂၄ ရက် နံနက် ၉ နာရီ မိနစ်၂၀ ခန့်က ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ဗန်းစောက်ကျေးရွာအနီးရှိ ဘိန်းခင်းခုနစ်ဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း။

အလားတူ နံနက် ၈ နာရီတွင် လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီးရှိ ဘိန်းခင်း ဧက ၆၀ ခန့်ကို ဖျက်ဆီးခဲ့ကြောင်း။

ထို့အတူ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ထာငိုကျေးရွာအနီးရှိ ဘိန်းခင်း ၆၈ ဧက ခန့်ကို အသီးသီးဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## စစ်ကိုင်း၊ အောင်မြေသာစံနှင့် မော်လမြိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅** မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်တွင် TOYOTA HIACE ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၈ ကီလိုကိုလည်းကောင်း၊ ထိုနေ့ နံနက် ၁၀ နာရီတွင် အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ၈၉ လမ်း၊ ၁၂ x ၁၄ လမ်းကြားရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ မနန်းသောရီ(ခ) နန်းစောရီကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၄၅ ဒသမ ၅ ကီလိုကို လည်းကောင်း။

ဒီဇင်ဘာ ၂၁ ရက် ညနေ ၅ နာရီခွဲတွင် မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ကြာအင်းကျေးရွာအနီးတွင် သန်းဇော်မောင်းနှင်ပြီး ချစ်လွင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# တစ်မျိုးသားလုံး ကျန်းမာဖို့ ဓာတုဓာတ်ကြွင်းအန္တရာယ် ကာကွယ်ကြပါစို့

*စိုးမိုးဝင်း*

**လူတို့သည် ကျန်းမာရေးကို အထူးဂရုစိုက်ပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာအောင် အမြဲတမ်းကြိုးစားဆောင်ရွက်နေကြသည်။ ထို့အတူ အစားအစာများ စားသောက်ရာတွင်လည်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ၊ ကျန်းမာရေးအတွက်မကောင်းသော အစားအစာ စသည်ဖြင့် ရွေးချယ်စားသုံးကြသည်။ မိသားစုအတွက် ဈေးဝယ်ထွက်သော အိမ်ရှင်မသည်လည်း ဈေးအတွင်းလှည့်လည်၍ မိမိမိသားစုကျန်းမာရေးအတွက် သင့်လျော်သော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရွေးချယ်ကာ ဝယ်ယူကြသည်။ လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်းအနေဖြင့် မိမိတို့၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်သလောက် တစ်ဦးချင်းမှ ကာကွယ်ကြ၊ စောင့်ရှောက်ကြသည်။**



ဟင်းသီးဟင်းရွက်စိုက်ခင်းအတွင်း ပိုးသတ်ဆေးဖျန်းနေသော စိုက်ပျိုးရေးတောင်သူတစ်ဦး။

လူသားတို့ နေ့စဉ်ချက်ပြုတ်ရန်အတွက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများနှင့် သီးနှံများကို ဝယ်ယူရာတွင် အမြင်အားဖြင့် ကောင်း၊ မကောင်း၊ ပိုးရောဂါ ပါ၊ မပါ၊ အနုအဆာကင်း၊ မကင်း စသည့်ရုပ်ပိုင်းလက္ခဏာများကို သေချာစွာ ဂရုစိုက်ကြည့်ရှုကာ ဝယ်ယူနိုင်ပါသည်။ သို့သော် ဓာတုဓာတ်ကြွင်း ပါ၊ မပါကိုတော့ မျက်စိဖြင့် ကြည့်ရှု၍ မမြင်နိုင်ပေ။ စားသုံးသူများသည် ချက်ပြုတ်စားသောက်ပြီးနောက်မှသာ အော့အန်ခြင်း၊ ခေါင်းမူးခြင်း၊ အဆိပ်သင့်ခြင်းတို့ကို ခံစားကြရသည်။ ထိုအခါမှသာ ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် ဖြစ်တာဟု သိရှိကြပါသည်။ ထိုကဲ့သို့ လူသားတို့တစ်ဦးချင်းစီက မကာကွယ်နိုင်သော အခြေအနေဆိုးများကို မဖြစ်ပေါ်စေရန်အတွက် အစိုးရအဖွဲ့အစည်းများက စားသုံးသူများကို မဖြစ်မနေ ကာကွယ်ပေးကြရပါသည်။

### တရုတ်နိုင်ငံတွင် စားသုံးသူများကို ကာကွယ်ပေးမှု

တရုတ်နိုင်ငံတွင် ဟင်းသီးဟင်းရွက်များကို အဆင့်သုံးဆင့် ခွဲခြားထားပါသည်။ ပထမအဆင့်မှာ ညစ်ညမ်းမှုကင်းသော ဟင်းသီးဟင်းရွက်များ (Non–polluted vegetables)၊ ဒုတိယအဆင့်မှာ သန့်ရှင်းသော ဟင်းသီးဟင်းရွက်များ (Green vegetables) နှင့် တတိယအဆင့်မှာ အော်ဂဲနစ် ဟင်းသီးဟင်းရွက်များ (Organic vegetables) ဟူ၍ ခွဲခြားထားသည်။ ဖိရိုးဖလာနည်းဖြင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များကို ဤအဆင့်သုံးဆင့်တွင် ထည့်သွင်းမထားပါ။ မိရိုးဖလာ စိုက်ပျိုးနည်းတွင် ဓာတုဆေးများကို အတိုင်းအဆမရှိ အသုံးပြုနေသောကြောင့် ၎င်းဟင်းသီးဟင်းရွက်များကို ညစ်ညမ်းသောဟင်းသီးဟင်းရွက် (Polluted vegetables) များအဖြစ် ယူဆသောကြောင့် ထည့်သွင်းမထားခြင်းဖြစ်သည်။ တောင်သူများ စိုက်ပျိုးထားသော စိုက်ခင်းများကို မည်သည့်အဆင့်တွင်ပါဝင်ကြောင်း ဆုံးဖြတ်ပေးသူများမှာ အစိုးရဝန်ထမ်း စိုက်ပျိုးရေးပညာရှင်များပင်ဖြစ်သည်။ စိုက်ပျိုးရေးပညာရှင်များသည် ကွင်းဆင်းလေ့လာကြည့်ရှုစစ်ဆေးပြီး အဆင့်များကို ဆုံးဖြတ်ပေးရပါသည်။ စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများကို တံဆိပ်နှိပ်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချပါသည်။ အဆင့်အတန်းအလိုက် ဈေးနှုန်းသတ်မှတ်ပေးပါသည်။ ဤနည်းလမ်းဖြင့် စားသုံးသူများအား ပိုးသတ်ဆေးဓာတ်ကြွင်းများပါသောသီးနှံများကို စားသုံးမိခြင်းမှ ကာကွယ်ပေးထားကြောင်း ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံသို့ သင်တန်းတက်ရောက်စဉ်က လေ့လာသိရှိခဲ့ရပါသည်။

### ကိုရီးယားနိုင်ငံတွင် စားသုံးသူများကို ကာကွယ်ပေးမှု

ကိုရီးယားနိုင်ငံတွင် သီးနှံထွက်ကုန်များသည် သတ်မှတ်ထားသောအရည်အချင်း မပြည့်မီပါက ဈေးကွက်အတွင်းသို့ ဝင်ရောက်ရောင်းချခွင့် မရနိုင်ပါ။ ကိုရီးယားနိုင်ငံသည် ၁၉၈၅ ခုနှစ်မှစပြီး လက်ကားဈေးကွက်များကို တည်ဆောက်ခဲ့ရာ စုစုပေါင်း ၃၂ ခုရှိပြီး စိုက်ပျိုးရေးထုတ်ကုန်များသည် ၎င်းလမ်းကြောင်းများမှ သိသာထင်ရှားစွာ စီးဆင်းကြပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များအတွက် လက်ကားဈေးကွက်အတွင်းမှာ အရောင်းအဝယ်ပြုလုပ်ခြင်းကို လေလံတင်သည့်ပုံစံနှင့် ပို့ကုန်များကို လေလံဆွဲသည့် ပုံစံများဖြင့် ဆောင်ရွက်ကြပါသည်။ ခြွင်းချက်များအနေဖြင့် သတ်မှတ်ထားသော ဈေးနှုန်းများဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်း၊ စိတ်ကြိုက်ရွေးချယ်ခွင့်ရှိသော အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် စာရင်းမသွင်းသော အရောင်းအဝယ်ပြုလုပ်ခြင်းတို့လည်း ရှိပါသည်။ မည်သည့်နည်းဖြင့် ရောင်းချသည်ဖြစ်စေ စိုက်ပျိုးရေးထုတ်ကုန်များသည် ဈေးကွက်မှ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှသာ ဈေးကွက်အတွင်း ဝင်ရောက်ရောင်းချခွင့်ရှိပါသည်။ ဤသည်မှာ စားသုံးသူများအား အစားအစာကောင်းများကို စားသောက်နိုင်စေရန် ကာကွယ်ပေးထားခြင်းဖြစ်ကြောင်း ကိုရီးယားနိုင်ငံတွင် မဟာသိပ္ပံသင်တန်းတက်ရောက်စဉ်က လေ့လာသိရှိခဲ့ရပါသည်။

**စားသုံးသူများအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး ကာကွယ်မှုနည်းလမ်းများသည် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပါသည်။ မကောင်းသော အစားအစာများကို စားသောက်မိပြီး အန္တရာယ်တစ်စုံတစ်ရာဖြစ်မှ ကုသခြင်းထက် မကောင်းသော အစားအစာများကို မစားသောက်မိအောင် နည်းလမ်းများ၊ ဥပဒေများ၊ မူဝါဒများဖြင့် ကြိုတင်ကာကွယ်ခြင်းက ပို၍ကောင်းမွန်ပါသည်။ နိုင်ငံအတွင်း အစိုးရက ပြည်သူလူထုကို ကာကွယ်ပေးသကဲ့သို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှုများပြုလုပ်ရာတွင် မကောင်းသောအစားအစာများကို ပြည်တွင်းသို့ ဝင်ရောက်မလာစေရန် ကုန်သွယ်ရေးမူဝါဒများဖြင့် ကာကွယ်ကြပါသည်**

အစိုးရအဖွဲ့အစည်းများမှ စားသုံးသူများအတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး ကာကွယ်မှုနည်းလမ်းများသည် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပါသည်။ မကောင်းသော အစားအစာများကို စားသောက်မိပြီး အန္တရာယ်တစ်စုံတစ်ရာဖြစ်မှ ကုသခြင်းထက် မကောင်းသောအစားအစာများကို မစားသောက်မိအောင် နည်းလမ်းများ၊ ဥပဒေများ၊ မူဝါဒများဖြင့် ကြိုတင်ကာကွယ်ခြင်းက ပို၍ကောင်းမွန်ပါသည်။ နိုင်ငံအတွင်း အစိုးရက ပြည်သူလူထုကို ကာကွယ်ပေးသကဲ့သို့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကုန်သွယ်မှုများပြုလုပ်ရာတွင် မကောင်းသောအစားအစာများကို ပြည်တွင်းသို့ ဝင်ရောက်မလာစေရန် ကုန်သွယ်ရေးမူဝါဒများဖြင့် ကာကွယ်ကြပါသည်။

### နိုင်ငံအလိုက် သွင်းကုန်များကို ကာကွယ်ပေးမှု

ကမ္ဘာ့ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်များပြားလာခြင်းနှင့်အတူ ရောင်းဝယ်ဖောက်ကားရာတွင် ကုန်ပစ္စည်းများ၏ အရည်အသွေးသည် အရေးပါသော အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်လျက်ရှိပါသည်။ ၁၉၆၀ ပြည့်နောက်ပိုင်းတွင် ဓာတုဆေးများ သုံးစွဲလာမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလွန်များပြားလာပါသည်။ သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဓာတုဆေးဝါးများ သုံးစွဲခြင်းသည် လူသားတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သောကြောင့် ဓာတုဆေးများ(ပိုးသတ်ဆေး) များ သုံးစွဲမှုကို ထိန်းချုပ်ဆောင်ရွက်လာကြပါသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးအဖွဲ့အစည်းများ (Environmental Protection Agency–EPA) ကလည်း ပိုးသတ်ဆေးသုံးစွဲမှုကို ကာကွယ်ထိန်းချုပ်မှုများ ပြုလုပ်လာသည်ကို လေ့လာသိရှိရပါသည်။

နိုင်ငံခြားသို့တင်ပို့ရာတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုကို ပိုးသတ်ဆေးအမျိုးအစားအလိုက်၊ နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက်၊ သီးနှံအလိုက် အမြင့်ဆုံးဓာတ်ကြွင်း ပါဝင်မှုသတ်မှတ်ချက် (Maximum Residue Limits–MRLs) များ ရှိပါသည်။ ၎င်းအဆင့်ထက်ကျော်သွားလျှင် လုံးဝလက်မခံတော့ဘဲ ၎င်းသီးနှံထွက်ကုန်ကို ၎င်းတို့နိုင်ငံအတွင်းသို့ ဝင်ခွင့်မပြုတော့ပါ။

အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှု သတ်မှတ်ချက်များ ထားရှိရသည့် ရည်ရွယ်ချက်များမှာ စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ပေးနိုင်ရန်နှင့် နိုင်ငံတကာနှင့်ကုန်သွယ်မှုပြုလုပ်ရာတွင် လွယ်ကူချောမွေ့စေရန်တို့ပင်ဖြစ်ပါသည်။ အမြင့်ဆုံးဓာတ်ကြွင်းပါဝင်မှု သတ်မှတ်ချက်များမှာ အမျိုးမျိုးရှိပါသည်။ အစားအစာဥပဒေအဖွဲ့မှ သတ်မှတ်ချက်များ (CODEX MRLs)၊ အာဆီယံသတ်မှတ်ချက်များ (ASEAN MRLs)၊ နိုင်ငံအလိုက် သတ်မှတ်ချက်များ (EU MRLs, JAPAN MRLs, KOREA MRLs) စသည်ဖြင့် ရှိကြပါသည်။

အစားအစာဘေးကင်းလုံခြုံမှုကို အစားအစာတစ်ခုအား အသုံးပြုမည့် ရည်ရွယ်ချက်ကိုလိုက်၍ ပြင်ဆင်သည့်အခါတွင်လည်းကောင်း၊ စားသောက်သည့်အခါတွင်လည်းကောင်း၊ စားသုံးသူအား အန္တရာယ်မဖြစ်ကြောင်း အာမခံချက်အဖြစ် FAO နှင့် WHO အဖွဲ့အစည်းများက ၁၉၉၇ ခုနှစ်တွင် အဓိပ္ပာယ်သတ်မှတ်ခဲ့ပါသည်။ ဘေးကင်းမှုမရှိသော အစားအစာများသည် ပြည်သူလူထု၏ ကျန်းမာရေးနှင့် အစားအစာလုံလောက်မှုကို အန္တရာယ်ဖြစ်စေပါသည်။ ထို့ကြောင့် အစားအစာသည် ဘေးကင်းမှုရှိစေရန် လွန်စွာအရေးကြီးပါသည်။

### စိုက်ပျိုးရေးဦးစီးဌာနက စားသုံးသူများအတွက် ကာကွယ်ပေးမှု

စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲသည် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သီးနှံကာကွယ်ရေးဆိုင်ရာ ဓာတုပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ စားသုံးသူများနှင့် အသုံးပြုသူများ၏ ကျန်းမာရေးထိခိုက်မှုများ ထိန်းသိမ်းဆောင်ရွက်ခြင်း၊ လက်မှတ်ရပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူသင်တန်းများ ကြီးကြပ်ဖွင့်လှစ်ပေးခြင်း၊ ပြဋ္ဌာန်းထားသော *စာမျက်နှာ ၂၃ သို့*

# မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ ဘုံခုနစ်ဆင့်ကို ပြန်လည်ပြုပြင်မွမ်းမံ၍ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသွားမည်

**မင်းဘူး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး (စကု) မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၌ ရွှေအစစ်ဖြင့် ကပ်လှူပူဇော်ထားသော မန်းရွှေစက်တော် အောက်စက်တော်ရာ ဘုံခုနစ်ဆင့်ကို ပြန်လည်ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်၍ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

အဆိုပါဘုံခုနစ်ဆင့်ကို ပြန်လည်ပြုပြင်မွမ်းမံ၍ ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် ရွှေချထုတ်လုပ်ငန်းဆောင်ရွက်လိုသူများကို နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ အဆိုပြုလွှာ တင်ဒါစနစ်ဖြင့်ခေါ်ယူ၍ လုပ်ငန်းရှင်ခုနစ်ဦးက အဆိုပြုလျှောက်လွှာတင်သွင်းပြီး တင်ဒါအောင်မြင်ခဲ့သော သိဒ္ဓိရှင်ရွှေဆိုင်းလုပ်ငန်းက ဘုရားပွဲတော်ရက်မတိုင်မီ အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



အောက်စက်တော်ရာ ဘုံခုနစ်ဆင့်သည် ရှေးယခင်ကပင် ရွှေအစစ်ဖြင့် ရွှေချကပ်လှူပူဇော်ထားပြီး ရွှေခွာခြင်းလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် စီမံဆောင်ရွက်၍ သဘာဝဘေးကြောင့် ပျက်စီး၊ ပျောက်ဆုံးနေသော ပန်းပုလက်ရာများကို နဂိုမူလ ပုံစံအတိုင်း ရှေးမူလက်ရာမပျက် (ရွှေချခြင်း) ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

ထို့အပြင် မန်းရွှေစက်တော်ဘုရားကြီးတွင် ဘက်စုံပြုပြင်မွမ်းမံမှုအနေဖြင့် အောက်စက်တော်ရာနှင့် အထက်စက်တော်ရာ ဘုရားမျက်နှာကြက်များကို ရှေးမူလက်ရာများဖြင့် ပုဂံဒေသမှ ယွန်းပညာရှင်များအားခေါ်ယူ၍ ယွန်းအလှပန်းများ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အောက်စက်တော်ရာ ဘုံခုနစ်ဆင့်သည် ရှေးယခင်ကပင် သစ်သားပန်းပုလက်ရာများဖြင့် အနုပညာလက်ရာမြောက်စွာဖြင့် ဆောင်ရွက်ထားရှိပြီး နှစ်ကာလများစွာကြာမြင့်မှုကြောင့် ပျက်စီးယိုယွင်းမှုများနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးပျောက်ဆုံးမှုများ ရှိခဲ့သည့်အတွက် ရှေးမူလက်ရာမပျက် ပုံစံတူပြုပြင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် (တပို့တွဲလဆန်း ၅ ရက်နေ့) တွင် စတင်ဖွင့်လှစ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**

# ထောပတ်သီးအခြေပြု တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နည်း သင်တန်းပို့ချပေး

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၅**

ထောပတ်သီးများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်သွားနိုင်ရန် ထောပတ်သီးအခြေပြု တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် ထောပတ်သီးခေါက်ဆွဲ၊ ထောပတ်သီးဆပ်ပြာခဲများ ပြုလုပ်နည်းသင်တန်းကို ဒီဇင်ဘာ ၂၃ ရက်က ပြင်ဦးလွင်မြို့ မြန်မာ-ခါနန် တောင်သူလယ်သမားသင်တန်းကျောင်း (ဒိုးကွင်) ၌ ပညာဒါနအဖြစ် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက "ထောပတ်သီးကို အသီးအတိုင်း ဈေးကွက်မှာ ရောင်းချနေတာပဲရှိတယ်။ ဈေးကွက်နယ်ပယ် ပိုမိုကျယ်ပြန့်အောင် ထောပတ်သီးမှတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်တွေ ထုတ်လုပ်နည်းတွေကို ပညာဒါနအဖြစ် သင်ကြားပေးတာဖြစ်ပါတယ်။ သင်တန်းမှာ တက်ရောက်ကြသူတွေကလည်း စိတ်ဝင်တစား သင်ယူကြပါတယ်" ဟု ၎င်းကပြောသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ သင်တန်းသား ၅၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းတွင် ထောပတ်သီးဆပ်ပြာပြုလုပ်နည်းကို ဦးမောင်မောင်က လည်းကောင်း၊ ထောပတ်သီးခေါက်ဆွဲ ပြုလုပ်နည်းကို ဦးမျိုးညွန့်က လည်းကောင်း သင်ကြားပို့ချပေးခဲ့ကြကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်) ၏ အသင်းသားစုံညီအစည်းအဝေးကိုလည်း တစ်ပါတည်း ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# လားရှိုးမြို့ပေါ်ရပ်ကွက်များတွင် ရေမြောင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီး

**လားရှိုး ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ပေါ် ရပ်ကွက်များ၌ ရေလုံလောက်စွာရရှိရေးအတွက် ရေပိုက်သွယ်တန်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၈၁၈၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လားရှိုးမြို့ပေါ်ရပ်ကွက်များတွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရပ်ကွက်(၈) သဇင်လမ်း၌ ကွန်ကရစ်ရေမြောင်းပြုလုပ်ခြင်း (အရှည် ၂၅ ပေ) နှင့်အတူ သောက်သုံးရေရရှိရေး လုပ်ငန်းများဖြစ်သည့် ရပ်ကွက်(၁၀) မြို့ဝမ်လမ်း ရေပိုက်သွယ်တန်းခြင်း (အရှည်ပေ ၁၀၀၀)၊ ရပ်ကွက် (၁) လင်းနို့ဂူရေထွက်မှ ရေပိုက်သွယ်တန်းခြင်း (အရှည်ပေ ၁၂၀၀)၊ ရပ်ကွက်(၁၂) ဟူးမွန်ရေပိုက်သွယ်တန်းခြင်း (အရှည်ပေ ၁၀၀၀)၊ ရပ်ကွက် (၇၊ ၈၊ ၁၀၊ ၁၁၊ ၁၂) မြို့တွင်းရေပိုက်လိုင်းများ ပြုပြင်လဲလှယ်ခြင်း အရှည်ပေ ၁၀၀၀ တို့ကို လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနက ဆောင်ရွက်ပြီးစီးခြင်းဖြစ်သည်။

**ကျော်ဇောဦး (မောရှမ်းမြေ)**

## တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏

*စာမျက်နှာ ၂၂ မှ*

ဥပဒေများနှင့်အညီ အရည်အသွေးပြည့်မီသော စိုက်ပျိုးရေးသုံးပိုးသတ်ဆေးများ တင်သွင်းဖြန့်ဖြူးခြင်းကို ကြီးကြပ်ထိန်းသိမ်းခြင်း၊ ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အပင်ပိုးမွှား ကာကွယ်သည့် ဥပဒေဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသား သီးနှံကာကွယ်ရေး အဖွဲ့အဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေးဥပဒေနှင့် အပင်ပိုးမွှားကာကွယ်သည့် ဥပဒေအရ အခြားဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုန်သွယ်မှုတွင် လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ပတ်သက်နေသူများအား ဆက်သွယ်ဆောင်ရွက်ရသော လုပ်ငန်းများကို တာဝန်ခံကြီးကြပ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ သီးနှံကာကွယ်ရေး စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးရေးထွက်ကုန်များကို တင်ပို့၊ တင်သွင်းနိုင်ရန် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက ပိုးသတ်မှိုင်းတိုက်အဖွဲ့အစည်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ခြံတစ်ခြံ၊ ပိုးသတ်ဆေးစက်ရုံငါးခု၊ ပိုးထိန်းချုပ်ရေးစခန်း ၂၂ ခု၊ ဓာတ်ခွဲခန်းခြောက်ခု၊ စဉ့်ကိုင်ပလိပ်ကြွက်သတ်ဆေးဓာတ်ခွဲခန်း၊ စဉ့်ကိုင်ဇီဝဓာတ်ခွဲခန်း၊ မန္တလေးသီးနှံကာကွယ်ရေး ဓာတ်ခွဲခန်း၊ မန္တလေးအစားအစာ ဘေးကင်းလုံခြုံမှု (Food Safety) ဓာတ်ခွဲခန်းများ၊ နေပြည်တော် Quarantine ဓာတ်ခွဲခန်း၊ နေပြည်တော် အစားအစာဘေးကင်းလုံခြုံမှု(Food Safety) ဓာတ်ခွဲခန်းတို့၏ လုပ်ငန်းများ အောင်မြင်ရေး ကြီးကြပ်ခြင်း စသည်တို့ကို ဆောင်ရွက်နေပါသည်။

ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ ဆောင်ရွက်လျက်ရှိသော စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆန်အရည်အသွေးစစ်ဆေးပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices) နှင့် အညီ အသိအမှတ်ပြုလက်မှတ်များ (Certificate) ထုတ်ပေးခြင်း၊ အော်ဂဲနစ်သီးနှံ ထောက်ခံချက်ဖြင့် လုပ်ငန်းများဖွံ့ဖြိုးရေး အသိအမှတ်ပြုလက်မှတ် (Certificate) စစ်ဆေးပေးခြင်း၊ ခြံ ၅၅ ခြံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဖွံ့ဖြိုးရေး ဗဟိုဌာနနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းတို့၏ လုပ်ငန်းများ အောင်မြင်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် သန့်ရှင်းမှုကို အဓိကထားပြီး သန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Hygiene Practices) ဖြစ်သည့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုများကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးပညာပေးရေးဌာနခွဲအနေဖြင့် တောင်သူလယ်သမားများအား နည်းပညာပေးရာတွင် ပိုးသတ်ဆေးများကို လိုအပ်သည့်အချိန် လိုအပ်သည့်ပမာဏသာ စနစ်တကျသုံးစွဲနိုင်ရေး ပညာပေးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျသယ်ယူခြင်း၊ ထားသိုခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်စွာ သုံးစွဲခြင်း၊ သုံးစွဲပြီးသော ဘူးခွံများကို စနစ်တကျစွန့်ပစ်ခြင်း၊ သီးနှံမရိတ်သိမ်းမီ စောင့်ဆိုင်းရမည့်ကာလ (Pre Harvest Interval-PHI) ကို နားလည်စေရန် ပညာပေးခြင်း၊ သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ မကျန်စေရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices) နှင့် သန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Hygiene Practices) နည်းလမ်းများကို ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

**အားလုံးအတူ**
**ဝိုင်းဝန်းစောင့်ရှောက်သင့်**

လူတို့သည် ကျန်းမာရေးအတွက် အစားအစာကို ရွေးချယ်စားသုံးခြင်း၊ ကိုယ်လက် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်း၊ ဆေးဝါးများ မှီဝဲသုံးဆောင်ခြင်း စသည်တို့ကို နေ့စဉ်ဆောင်ရွက်နေကြသော်လည်း စိုက်ပျိုးရေးထွက်ကုန် သီးနှံများတွင် ပါဝင်နိုင်သော ဓာတုဓာတ်ကြွင်းများနှင့် အသား၊ ငါး၊ ပုစွန်၊ နို့၊ သရက်သီး စသည်တို့ကို မပုပ်သိုးအောင်၊ တာရှည်ခံဆေးအဖြစ် အသုံးပြုကြသော ဖော်မလင် (formalin) ဆေးသုံးစွဲမှုများကို မျက်စိအမြင်အားဖြင့် မမြင်၊ မသိနိုင်သည့်အတွက် လူသားတို့၏ ကျန်းမာရေးကို တိတ်တဆိတ် ဆိုးကျိုးများပေးလျက်ရှိပါသည်။ လူတစ်ဦးချင်းမှ၊ မိသားစုတစ်စုချင်းမှ မိမိတို့အတွက် ကာကွယ်နိုင်သည်ဟု စဉ်းစားနိုင်သော်လည်း လက်တွေ့အားဖြင့် တစ်ဦးချင်း၊ မိသားစုတစ်စုချင်းမှ မကာကွယ်နိုင်ပေ။ ရောင်းချသည့်သူများသည်လည်း စီးပွားရေးလုပ်ကိုင်နေကြသည့်အတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် မကြပ်မတ်နိုင်လျှင် သုံးစွဲမြဲ သုံးစွဲနေကြပေလိမ့်မည်။ ထို့ကြောင့် စားသုံးသူများမတတ်နိုင်၊ ရောင်းချသူများ မရပ်နိုင်သည့်အခြေအနေတွင် အစိုးရအဖွဲ့အစည်းများမှတစ်ပါး ကာကွယ်ပေးမည့်သူမှာ မရှိနိုင်ပေ။ တစ်မျိုးသားလုံး ကျန်းမာရေးအတွက် အစိုးရအဖွဲ့အစည်းများက ဦးဆောင်ကာ ရောင်းချသူများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် တင်းတင်းကျပ်ကျပ်ကြပ်မတ်ပြီး စားသုံးသူများကိုလည်း အသိပညာပေး၍ ကျန်းမာရေးအတွက် အန္တရာယ်ကြီးတစ်ခုဖြစ်သော ဓာတုအန္တရာယ်များကို အားလုံးအတူ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သင့်ပါကြောင်း စေတနာထား၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်  ဒီဇင်ဘာ  ၂၅**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရအရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Suraj Bjr” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မြို့ဦးရပ်ကွက်နေ အောင်အောင်ထွန်း(ခ)ဆူဒါန်းအား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ “Htet Aung Paing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောဝမ္မရပ်ကွက်နေ ထက်အောင်ပိုင်အား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “ဥူးရေပြား” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာနေ သိန်းသန်းအောင်အား ည ၇ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်ရွှေမုဋ္ဌောဘုရား ရွှေသင်္ကန်းကပ်လှူရန် ကောက်ခံထားသည့် ငွေကျပ်သိန်း ၆၀၀၀ ကို တိုင်းစစ်ဌာနချုပ်မှ ရန်ပုံငွေအဖြစ် သိမ်းယူခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော်  ဒီဇင်ဘာ  ၂၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရားအတွက် ရွှေသင်္ကန်းကပ်လှူရန် အလှူခံရရှိထားသည့် ငွေကျပ် သိန်း ၆၀၀၀ ကို တိုင်းစစ်ဌာနချုပ်မှ ရန်ပုံငွေအဖြစ် သိမ်းယူခဲ့ကြောင်းနှင့် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ မော်တင်စွန်းစေတီတော်မြတ်ရင်ပြင်တော် တိုးချဲ့ရန်ကောက်ခံရရှိထားသည့် အမေရိကန်ဒေါ်လာများကို တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် လဲလှယ်ခဲ့ကြောင်း တရားမဝင် အကြမ်းဖက်အားပေး Ayarwaddy Time မှ လူမှုကွန်ရက်စာမျက်နှာများတွင် ကောလာဟလ သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။




အဆိုပါ အကြောင်းအရာနှင့် ပတ်သက်၍ သာသနာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးတို့၏ ပြောကြားချက်အရ စေတီတော်ကြီးများအတွက် လှူဒါန်းထားသည့် အလှူတော်ငွေများအား မည်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ သိမ်းဆည်းယူဆောင်ထားခြင်းမရှိဘဲ သက်ဆိုင်ရာ ဂေါပကအဖွဲ့များထံတွင်သာ စနစ်တကျ ထိန်းသိမ်းထားရှိကြောင်းနှင့် အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများသည် ဘာသာရေးဆိုင်ရာ စေတီပုထိုးများနှင့် ပတ်သက်၍ မဟုတ်မမှန် ဝါဒဖြန့်ချိမှုများကို လုပ်ကြံရေးသားခြင်းသာဖြစ်ပြီး ကောလာဟလ သတင်းအမှားသာဖြစ်ကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ကာ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်မှ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့၍ ကျောက်စာခန်းကိုကျရောက်ခဲ့ပြီး ကျောက်စာများ ပျက်စီးသွားခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော်  ဒီဇင်ဘာ  ၂၅**
ရခိုင်ပြည်နယ် မြောက်ဦးမြို့ပေါ်ရှိ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကို တပ်မတော်မှ လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့သဖြင့် ကျောက်စာခန်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောက်စာချပ်များ ပျက်စီးခဲ့ကြောင်း တရားမဝင် အကြမ်းဖက်အားပေး Narinjara မှ လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ အကြောင်းအရာနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး ပြောကြားချက်အရ ၂၄ ရက် ညပိုင်းတွင် AA လက်နက်ကိုင်သောင်းကျန်းသူများက မြောက်ဦးမြို့ရှိ ရဲစခန်း နှစ်ခုကို ရှော့တိုက်ဒုံး၊ လက်နက်ကြီးများဖြင့် အဝေးမှ ရမ်းသမ်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံပြည်သူများနေထိုင်ရာ မြို့အတွင်းရှိ လူနေအဆောက်အဦနှင့် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုပြတိုက်တို့တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး လူနေအဆောက်အဦအချို့နှင့် ကျောက်စာချပ်များပျက်စီးခဲ့ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများမှ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ရှော့တိုက်ဒုံး၊ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုများကို ဖုံးကွယ်လိုသော ရည်ရွယ်ချက်ဖြင့် တပ်မတော်မှ ပစ်ခတ်သည်ဟု မဟုတ်မမှန်ရေးသား၍ သွေးထိုးလှုံ့ဆော်ကာ ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဒီဇင်ဘာ  ၂၅**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ ဒီဇင်ဘာ ၂၂ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Fire Resistant Filing Cabinet ခြောက်လုံးအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၀၁၀၀၀၀၀)ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် IK PLUS A4 စက္ကူ ကီလိုဂရမ် ၁၂၀၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း



များနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ထီလုံကျေးရွာအနီး၌ မြဝတီမြို့မှ ဘားအံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Silicone Sealant ကော်ဘူး ၂၄၀၀၊ Nabati Wafer အထုပ် ၄၈၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၅ ဒသမ ၂၈၉ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၅၁၁၀) ကို လည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၀ ဒသမ ၉၃၆ တန်နှင့် အခြားသစ် ၀ ဒသမ ၄၃၃ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၈၅၅၂) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၃၆၆၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၇၀၀၃၆၆၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


